# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၈၀)


## အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့်စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ပေးပို့သည့် သဝဏ်လွှာ/အကြောင်းကြားစာနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ သဝဏ်လွှာ/အကြောင်းကြားစာ ပြန်လည်ပေးပို့

နေပြည်တော် ဇူလိုင် ၁၀

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြန်မာနိုင်ငံအပါအဝင် ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ကာဇက်စတန်၊ တူနီးရှား၊ ဘော့စနီးယား ဟာဇီဂိုးဗီးနား၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို စသည့် စုစုပေါင်းနိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့် စည်းကြပ်ထားမှုနှင့် ပတ်သက်၍ ဇူလိုင် ၇ ရက်နေ့တွင် သက်ဆိုင်ရာနိုင်ငံများသို့ သဝဏ်လွှာ/ အကြောင်းကြားစာများ ပေးပို့ခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ ❂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် ဇူလိုင် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာညွှန့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မိတ္ထီလာခရိုင်အတွင်းရှိခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ❍




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။




❂ ရှေ့ဖုံးမှ

အဆိုပါ သဝဏ်လွှာ/အကြောင်းကြားစာနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံ ညှိနှိုင်းပြန်ကြားသည့် သဝဏ်လွှာ/ အကြောင်းကြားစာအား ဇူလိုင် ၉ ရက်နေ့က ပေးပို့ခဲ့သည်။

အဆိုပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ပြန်လည်ပေးပို့သည့် သဝဏ်လွှာ/ အကြောင်းကြားစာ၌ သမ္မတကြီးထံမှ မိမိထံသို့ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့စွဲဖြင့်ပေးပို့သော စာလွှာအား ကျေးဇူးတင်ရှိစွာဖြင့် လက်ခံရရှိသည်ကို ဦးစွာအသိပေးအပ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် အမေရိကန်ပြည်ထောင်စုကြီး တိုးတက်ကြီးပွားသာယာဝပြောရေးအတွက် မျိုးချစ်စိတ်အပြည့်အဝဖြင့် တာဝန်သယ်ပိုးထမ်းဆောင်လျက်ရှိသကဲ့သို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဦးဆောင်ကြိုးပမ်းနေသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအား လက်ရှိ ကမ္ဘာ့နံပါတ်(၁)ဈေးကွက်နှင့် အလွန်ကောင်းမွန်သော စီးပွားရေးရှိနေသည့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်လက်ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်မှုအတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

အမေရိကန်နိုင်ငံအနေဖြင့် မြန်မာ့ပို့ကုန်များအပေါ် (၄၄) ရာခိုင်နှုန်း အခွန်ကောက်ယူရန် မူလလျာထားချက်ကို၊ (၄၀)ရာခိုင်နှုန်း ပြင်ဆင်လျာထားဆောင်ရွက်ပေးမှုအတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် သမိုင်းကြောင်း ရှည်လျားကောင်းမွန်သည့် ဆက်ဆံရေးရှိခဲ့ပြီး၊ ကုန်သွယ်မှုဆက်ဆံရေးခိုင်မာမှု ကတိကဝတ်များကိုလည်း အစဉ်အမြဲထိန်းသိမ်းခဲ့ကြပါကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေး တိုးမြှင့်နိုင်ရန်အတွက်လည်း မိမိတို့ အစဉ်အမြဲ မျှော်လင့်ကြိုးပမ်းလျက်ရှိပါကြောင်း။

အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုမမျှတသဖြင့် အမေရိကန်ဘက်မှ လိုငွေကြီးမားစွာ ပြခြင်းအတွက် အဆွေတော်သမ္မတကြီးအနေဖြင့် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းအပေါ် မိမိအပြည့်အဝ နားလည်ပါကြောင်း။

ကနဦးအနေဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံ ဘက်ညီမျှသော ကုန်သွယ်မှုဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ ပို့ကုန်များအပေါ် အခွန် (၁၀)ရာခိုင်နှုန်းမှ (၂၀) ရာခိုင်နှုန်းနှင့် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံသို့ သွင်းကုန်များအပေါ် (၀) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းကြား ချိန်ညှိကောက်ခံသွားရန် အဆိုပြုညှိနှိုင်းလိုပါကြောင်း၊ လိုအပ်ပါက မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အမြန်စေလွှတ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း ဆောင်ရွက်လိုပါကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံး(LDC)နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်နေသည့်အပြင် လွန်ခဲ့သည့် (၅) နှစ်တာကာလအတွင်း ကိုဗစ်(၁၉)ကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များဖြစ်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း၊ ရာဂီမုန်တိုင်း ရေကြီးရေလျှံမှုနှင့် ၇.၇ မဂ္ဂနီကျုရှိ မန္တလေးငလျင်ကြီးများကြောင့် ပြင်းထန်သော စိန်ခေါ်မှုများ ဆက်တိုက်ကြုံတွေ့ခဲ့ရသဖြင့် မြန်မာပြည်သူများသည် ကြီးမားသော စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းနေရသည့် အချိန်လည်း ဖြစ်ပါကြောင်း။

အလျဉ်းသင့်၍ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေတွင် မြန်မာအစိုးရနှင့် ပြည်သူများ၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို အဆွေတော်အား အသိပေးလိုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အမေရိကန်နိုင်ငံ ရွေးကောက်ပွဲတွင် အဆွေတော်သမ္မတကြီး ကြုံတွေ့ခဲ့ရသလို မိမိတို့နိုင်ငံ ရွေးကောက်ပွဲတွင်လည်း ကြီးမားသည့် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၎င်းဖြစ်ရပ်များအတွက် အာဏာရပါတီနှင့် ရွေးကောက်ပွဲကော်မရှင်အား ပြန်လည်စိစစ်ပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမပြုဘဲ နိုင်ငံတော်အာဏာကို မဲမသမာမှုများဖြင့် ပေါ်ထွက်လာသည့် ရလဒ်အရ တရားမဲ့ရယူရန် ကြိုးပမ်းမှုသည် တရားမျှတမှုမရှိကြောင်း၊ အာဏာရပါတီမဟုတ်သည့် အခြားသောနိုင်ငံရေးပါတီများက လက်ခံယုံကြည်ကြသောကြောင့် အခြေခံဥပဒေက အပ်နှင်းထားသော တာဝန်အရ တပ်မတော်မှ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ မီဒီယာများ၏မဟုတ်မမှန် ထုတ်လွှင့်ခဲ့မှုများကြောင့်သာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အပေါ် နိုင်ငံတကာအထင် အမြင်မှားမှုများ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပါကြောင်း။

တပ်မတော်က နိုင်ငံတော်အာဏာကို တာဝန်ယူ ဆောင်ရွက်ချိန်တွင် ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စိစစ်ခဲ့ရာ မဲအရေအတွက် (၁၁ ဒသမ ၃) သန်း (တစ်နိုင်ငံလုံး ၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) မသမာမဲအဖြစ် စိစစ်တွေ့ရှိခဲ့ရပါကြောင်း၊ မဲမသမာမှုများအတွက် ထိုစဉ်က တာဝန်ရှိသည့် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ချိန်တွင် ၎င်းတို့၏ ထွက်ဆိုချက်များအရ မဲမသမာမှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက် ဆောင်ရွက်ခဲ့သည်ကို စစ်ဆေးပေါ်ပေါက်ခဲ့မှုကြောင့် ၎င်းတို့အပေါ် တရားရုံးကချမှတ်သည့် ပြစ်ဒဏ်များကိုခံယူပြီး ယခုအခါ ပြန်လည်လွတ်မြောက်နေကြပြီ ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းကာ မဲမသမာမှုများကို စစ်ဆေးဖော်ထုတ်ခဲ့မှု အခြေအနေသည်လည်း မှန်ကန်မျှတမှုရှိကြောင်း တရားဝင်ရပ်တည်လျက်ရှိသည့် နိုင်ငံရေးပါတီများနှင့် ပြည်သူအများစုက လက်ခံယုံကြည်ခဲ့ကြပါကြောင်း။

အဆွေတော် သမ္မတကြီးအနေဖြင့် ကမ္ဘာ့တည်ငြိမ်အေးချမ်းမှုကို ရေးရှု၍ ပဋိပက္ခများတိုးပွားစေသည့် သတင်းဌာနများနှင့် ရန်ပုံငွေစနစ်များကို ထိန်းချုပ်ပေးခြင်းအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မမှန်မကန် သတင်းအချက်အလက်များကိုသာ တစ်ဖက်သတ်ထုတ်လွှင့်ခဲ့မှုများကြောင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာက သိရှိမှုမရှိဘဲ သတင်းမှားများကို အခြေခံကာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ အမေရိကန်ပြည်ထောင်စုကလည်း မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ထားရာ ထိုအရေးယူပိတ်ဆို့ထားမှုများသည် မိမိတို့နှစ်နိုင်ငံအတွက် မည်သို့မျှ အကျိုးမရှိခြင်းကြောင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ယခင်ကချမှတ်ခဲ့သည့် စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ရုပ်သိမ်းပေးရန်လည်း အထူးမေတ္တာရပ်ခံအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အစဉ်အဆက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒကို ကျင့်သုံးခဲ့ပြီး၊ မည်သည့်နိုင်ငံနှင့်မျှ ပဋိပက္ခအငြင်းပွားမှုမရှိခဲ့ဘဲ ၎င်းအစဉ်အလာ ကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းသွားမည် ဖြစ်ပါကြောင်း၊ အလားတူစွာပင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု အပါအဝင် အခြားမည်သည့် ကမ္ဘာ့နိုင်ငံများကိုမျှ အနှောင့်အယှက်ပေးမှု မရှိခဲ့သည်ကိုလည်း ပြောကြားလိုပါကြောင်း။

အဆွေတော်၏ အဆိုပြုချက်အတိုင်း ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ဖယ်ရှားခြင်း၊ အပြန်အလှန် အခွန်ကောက်ခံမှု ထိန်းသိမ်းခြင်းတို့ဖြင့် မြန်မာ-အမေရိကန် နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက် ရှိပါကြောင်း၊ အဆွေတော်နှင့် အမေရိကန်ပြည်သူပြည်သားများ ကျန်းမာရွှင်လန်းကြပါစေကြောင်း၊ အနာဂတ်လုပ်ငန်းစဉ်များတွင် အောင်မြင်မှုများ ဆွတ်ခူးနိုင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ဖော်ပြပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❍ မြန်မာနိုင်ငံအနေဖြင့် အစဉ်အဆက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒကို ကျင့်သုံးခဲ့ပြီး၊ မည်သည့်နိုင်ငံနှင့်မျှ ပဋိပက္ခအငြင်းပွားမှု မရှိခဲ့ဘဲ ၎င်းအစဉ်အလာကောင်းကိုလည်း ဆက်လက်ထိန်းသိမ်းသွားမည်**

**❍ အလားတူစွာပင် မြန်မာနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စု အပါအဝင် အခြားမည်သည့် ကမ္ဘာ့နိုင်ငံများကိုမျှ အနှောင့်အယှက်ပေးမှု မရှိခဲ့သည်ကိုလည်း ပြောကြားလို**

Chairman
State Administration Council
Republic of the Union of Myanmar

His Excellency Donald J. Trump
President of the United States of America
Washington, D.C.

Date: 9 July 2025

Dear Mr. President,

I have the honour to acknowledge receipt of Your Excellency's letter dated 7 July 2025, and to express my sincere appreciation for your correspondence.

It is with great esteem that I wish to acknowledge Your Excellency's strong leadership in guiding your country toward national prosperity with the spirit of a true patriot, as well as your continued efforts to promote peace on the global stage.

I am expressing my sincere appreciation for this encouraging invitation to continue participating in the extraordinary Economy of the United States, the Number One Market in the World.

We are truly grateful for the reduction of the original tariff rates imposed on Myanmar's Commodities from 44% to 40%. Myanmar has enjoyed a long-standing history of friendly relations and firm trade commitments with the United States. We have continued to make efforts to strengthen further and deepen the bilateral trade relations between our two countries.

We deeply acknowledge Your Excellency's distinguished efforts to advance your country's interest in addressing the trade deficits resulting from the imbalance of trade between the United States and Myanmar.

To being with, in furtherance of maintaining a balanced and mutually beneficial trade between Myanmar and the United States, we would like to propose to reduce the current tariff rates to the range of 10%-20% for the exports of Myanmar to the United States and reciprocally apply the tariff rates of 0%-10% on the United States' exports to Myanmar. We stand ready to dispatch a high-level negotiation team and discuss with the relevant authorities if needed.

However, Myanmar remains one of the Least Developed Countries (LDCs) to this day. Additionally, over the past five years, we have faced a series of unprecedented challenges, ranging from the overall impact of the COVID-19 pandemic to natural disasters, including a powerful 7.7-magnitude Mandalay earthquake, Cyclone Mocha, and Typhoon Yagi. At the same time, the government and the people are navigating significant challenges of domestic instability posed by drug trafficking, online fraud and scamming, and illicit arms smuggling.

Mr. President,

I would like to take this opportunity to share with Your Excellency the efforts made by our government and the people of Myanmar in response to the current situation in our country. Similar to the challenges you encountered during the 2020 election of the United States, we also experienced major electoral fraud and significant irregularities. Despite multiple attempts by some political parties and the Tatmadaw to address these concerns, the then-ruling party and the former Union Election Commission not only dismissed these requests but also failed to resolve the issues with the necessary transparency and accountability. Moreover, they suppressed the other political parties' grievances and calls for a review of the electoral results. With no recourse left to resolve the issues either through the then-ruling party or the former Union Election Commission, and amid growing confidence in the efforts of the political parties to demonstrate that the electoral outcome was compromised by the electoral malpractices, the Tatmadaw temporarily assumed the State's responsibilities under the Constitution. Subsequently, fabricated narratives circulated by certain news agencies then distorted the situation, shaping and leaving a negative image and perception of Myanmar's ongoing political developments within the international community.

Following the SAC's assumption of the State's responsibilities, a new Union Election Commission was reconstituted and proceeded to investigate the 2020 election under the relevant national laws. The investigation uncovered 11.3 million cases of voting fraud, accounting for 29.54% of the total votes nationwide. Based on the testimonies from individuals involved in the electoral malpractices, who had been subsequently found guilty, appropriate legal actions were taken. They acknowledged the courts' decisions and complied with resulting punishments. Having completed their sentences, they have now been released. In addition, the investigation into electoral fraudulence was also accepted as just and fair by legally registered political parties and the public.

I sincerely appreciate Your Excellency's efforts aimed at promoting global peace, in regulating broadcasting agencies and funds, which have sometimes exacerbated the existing conflicts. Assessments influenced by one-sided misinformation and distorted narratives ultimately led to the imposition of the economic sanctions on Myanmar. I hereby respectfully request Your Excellency to reconsider easing and lifting the economic sanctions imposed on Myanmar, as they hinder the shared interests and prosperity of both our countries and the peoples.

Myanmar has consistently upheld the tradition of peaceful coexistence with other nations and remains committed to maintaining good relations with all countries. Similarly, Myanmar has no dispute with any other countries including the United States.

Mr. President,

Myanmar and the United States can enhance the existing bilateral trade relations by balancing tariffs and removing barriers, as Your Excellency proposed.

With best regards, I wish Your Excellency and the people of the United States good health, prosperity and every success in future endeavours.

Senior General Min Aung Hlaing
Chairman
State Administration Council
Republic of the Union of Myanmar

# မြို့ပြစီမံကိန်းများတိုးချဲ့ရာတွင် နိုင်ငံ့စီးပွားရေးနှင့် စားရေရိက္ခာဖူလုံရေး၌ အဓိကကျသော လယ်မြေများကို အသုံးမပြုမိရန်လို

○ *ရွှေဖုံးမှ*

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြ

ဦးစွာ မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိတ္ထီလာခရိုင်အတွင်းသို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် နိုင်ငံပိုင်နှင့် ပြည်သူပိုင်အဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မှု၊ မိတ္ထီလာမြို့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆိုလာဓာတ်အားပေးစက်ရုံများ တည်ဆောက်လည်ပတ်လျက်ရှိမှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ ခရိုင်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေပေးဝေရေးဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက မိတ္ထီလာခရိုင်အတွင်း သန့်ရှင်းသာယာလှပရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကောင်းမွန်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုရှိစေရေး၊ မိတ္ထီလာမြို့ ရေရရှိရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

### ဖြည့်စွက်ဆွေးနွေးမှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **မည်သည့်အစိုးရ နိုင်ငံတော်တာဝန်ယူသည်ဖြစ်စေ ကိုယ်တိုင်အလုပ်လုပ်မှ အကျိုးခံစားခွင့်နှင့် တိုးတက်မှုများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း၊** မိတ္ထီလာဒေသ စိမ်းလန်းစိုပြည်ရေးအတွက် **ဒေသအလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် Green Zone များ ဖော်ဆောင်ကြရန်လိုကြောင်း၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံး နှစ်ကေခန့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လိုကြောင်း၊** ရန်ကုန်-မန္တလေး လမ်းဟောင်းနှင့် အမြန်လမ်းမကြီး လမ်းဘေးဝဲယာ၌ သစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုပြီး ရှင်သန်မှုမရှိသည့် သစ်ပင်များ၊ ရှင်သန်မှုရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးသွားခဲ့သည့်သစ်ပင်များနေရာ၌ အစားထိုး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရေးဆွဲဆောင်ရွက်ရာတွင် နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လူဦးရေနှင့် အခြေခံလိုအပ်ချက်များကိုပါ ထည့်သွင်းတွက်ချက်၍ အသေးစိတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ **မြို့ပြစီမံကိန်းများ တိုးချဲ့ရာတွင် နိုင်ငံ့စီးပွားရေးနှင့် စားရေရိက္ခာဖူလုံရေး၌ အဓိကကျသော လယ်မြေများကို အသုံးမပြုမိရန်** လိုကြောင်း၊ မိတ္ထီလာခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခရိုင်အတွင်းလိုအပ်သည့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် တိုးချဲ့ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ရေဖူလုံမှုရှိစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ကေချင်း အထွက်နှုန်းများ တိုးတက်စေရေး၊ မီးဖိုချောင်သုံးသီးနှံများ ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းကျောင်းနေအရွယ် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ပညာရည်မြင့်မားစေရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများအလိုက် ဒေသတွင်း တိုးတက်မှုရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်သက်ဆိုင်ရာဝန်ထမ်းများသာမက မြို့နေလူထုမှလည်း ကိုယ်စီအသိစိတ်ဓာတ်ဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ သန့်ရှင်းသာယာလှပမှုကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုလည်း ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသူများက စနစ်တကျ ထိန်းသိမ်းကြပ်မတ်ရမည်ဖြစ်သကဲ့သို့ စီးနင်းသူများကလည်း သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးလှမိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မိတ္ထီလာဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမြေများကို စနစ်တကျဖြင့် မှန်မှန်ကန်ကန်အသုံးချမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ မိတ္ထီလာဒေသအတွင်း မြစိမ်းရောင်စီမံကိန်းဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဝါစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှု တိုးတက်စေရေး သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးထားမှုနှင့် ဝါကြိတ်စက်များ တည်ထောင်ပေးထားမှု၊ တောင်သူများအတွက် လိုအပ်သည့် အကူအညီများ ပေးအပ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

### ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး အလေးထားဆောင်ရွက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်မှာကြားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိတ္ထီလာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်ခြင်း ဟူ၍ နှစ်ပိုင်းရှိကြောင်း၊ စီးပွားရေးနှင့် ပတ်သက်၍

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့်ထုတ်လုပ်ရေးလုပ်ငန်းတွင် Packing ထုပ်ပိုးထားမှုကို လိုက်လံကြည့်ရှုစဉ်။

- ❖ **မည်သည့်အစိုးရ နိုင်ငံတော်တာဝန်ယူသည်ဖြစ်စေ ကိုယ်တိုင်အလုပ်လုပ်မှ အကျိုးခံစားခွင့်နှင့် တိုးတက်မှုများရရှိမည်ဖြစ်၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်**
- ❖ **မိတ္ထီလာဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ဒေသအလိုက်၊ ရပ်ကွက်ကျေးရွာများအလိုက် Green Zone များ ဖော်ဆောင်ကြရန်လို**
- ❖ **အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံး နှစ်ကေခန့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို**

*စာမျက်နှာ ၄ မှ*

မိတ္ထီလာဒေသတွင် ကြီးမားသည့် စက်ရုံအလုပ်ရုံများ မရှိသော်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပြီး စီးပွားရေးအားကောင်းစေရန်အတွက် ဒေသတွင်းဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝင်ငွေရရှိရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရန်လိုပြီး ကုန်ထုတ်လုပ်မှုများအတွက်လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ လုံလောက်စွာရရှိစေရေး သက်ဆိုင်ရာဌာနများအလိုက် သုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ **မိတ္ထီလာဒေသရှိ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့် ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများနှင့် ပညာရှင်များက မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၊ ရပ်မိရပ်ဖများနှင့် တိုင်ပင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် လက်တွေ့အသုံးချသွားရန်လိုပြီး အခြားဒေသများတွင်လည်း ထိုသို့ ဆောင်ရွက်သွားရန်လို**ကြောင်း၊ ကိုယ်စီတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းဖြင့် လုပ်ငန်းရပ်များ တစ်ခုချင်းစီအလိုက် အောင်မြင်မှုရရှိလာမည်ဖြစ်ပြီး ဒေသနှင့် နိုင်ငံ၏ စီးပွားသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများ အများအပြားရှိကြကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံအတွင်းဖြစ်ပေါ်လျက်ရှိသည့် ပဋိပက္ခများ၊ နိုင်ငံရေးမတည်ငြိမ်မှုနှင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်နေရသဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိုက်သင့်သလောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှစ၍ ပြည်သူလူထုတစ်ရပ်လုံးလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး စီးပွားရေးနှင့်ပတ်သက်၍ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း။

## စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကအထွက်နှုန်းတိုးတက်စေရေး ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်

နိုင်ငံ့စီးပွား အားကောင်းစေရေးအတွက် ကုန်ထုတ်လုပ်မှုမြှင့်တင်ရမည်ဖြစ်ပြီး ကုန်ထုတ်လုပ်မှု အားကောင်းရန်အတွက် နည်းပညာလိုအပ်ချက်များရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် “မျိုး၊ မြေ၊ ရေ၊ နည်း” စသည့် နည်းလမ်းလေးသွယ်သည် အရေးကြီးကြောင်း၊ အဆိုပါနည်းလမ်းလေးသွယ်အတိုင်း စနစ်တကျ စိုက်ပျိုးဆောင်ရွက်မှသာ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်လာပြီး စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း၊ **တွက်ချက်မှုများအရ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မိတ္ထီလာမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးထွက်ရှိမှုသည် ပန်းတိုင်ရည်မှန်းချက်မပြည့်မီခဲ့ဘဲ ပျမ်းမျှတစ်ဧကလျှင် ၆၂ ဒသမ ၆၅ တင်းသာထွက်ရှိခဲ့သဖြင့် ၃၇ ဒသမ ၃၅ တင်းလျော့နည်းခဲ့ကြောင်း၊ အဆိုပါအချိန်တွင် စပါးတစ်တင်း၏ ကာလပေါက်ဈေးမှာ ကျပ် ၂၂၀၀၀ ရှိသဖြင့် ပန်းတိုင်ရည်မှန်းချက် မပြည့်မီသောကြောင့် ငွေကျပ် ၁၀ ဒသမ ၃၆၉ ဘီလီယံလျော့နည်းဆုံးရှုံးခဲ့ရကြောင်း၊ မိတ္ထီလာခရိုင်တစ်ခုလုံးတွင် မိုးစပါးစိုက်ပျိုးမှု ပန်းတိုင်ရည်မှန်းချက် မပြည့်မီခဲ့သဖြင့် ငွေကျပ် ၇၉ ဒသမ ၇၉၁ ဘီလီယံဝင်ငွေလျော့နည်းခဲ့ရကြောင်း၊ အလားတူ နွေစပါးထွက်ရှိမှုတွင်လည်း ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် ၄ ဒသမ ၆ ဘီလီယံဝင်ငွေလျော့နည်းခဲ့ကြောင်း၊ မြေပဲစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက် မပြည့်မီမှုကြောင့် ငွေကျပ် ၄၆ ဒသမ ၈၉၅ ဘီလီယံ လျော့နည်းခဲ့ကြောင်း၊ နှမ်းစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းကြောင့် ၅၈၀ ဒသမ ၄၈ ဘီလီယံလျော့နည်းခဲ့ကြောင်း၊ နေကြာ၊ ပဲတီစိမ်းစသည့် သီးနှံများအပါအဝင် မိတ္ထီလာခရိုင်အတွင်း တစ်ဧကပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း မပြည့်မီမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် စုစုပေါင်း ငွေကျပ် ၉၈၀ ဘီလီယံခန့် လျော့နည်းဆုံးရှုံးခဲ့ရ**ကြောင်း၊ အဆိုပါအချက်ကိုကြည့်ခြင်းအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအား တစ်ဧက ပန်းတိုင်ရည်မှန်းချက်များအတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသစီးပွားရေးကို များစွာအထောက်အကူပြုနိုင်သည်ကို တွေ့ရှိရသဖြင့် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး စိုက်ပျိုးသည့်မျိုးများကောင်းမွန်ရန်လိုပြီး မျိုးကောင်းမျိုးသန့်များရရှိစေရေးအတွက် သုတေသနပြုလုပ်စိုက်ပျိုးရန် လိုကြောင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုက်ဆံလျှော်များ စိုက်ပျိုးဆောင်ရွက်နိုင်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများဖြင့်လည်း ဇီဝမြေဩဇာများကို အသုံးချနိုင်ကြောင်း၊ အလားတူ ရေလုံလောက်စွာရရှိရေး ရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို အသုံးချ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေအောက်ရေများ၊ မိုးရေများနှင့် မြစ်ရေတင်စီမံကိန်းများမှ ရေများကို အသုံးချဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် နည်းစနစ်ကျနစွာဖြင့် စိုက်ပျိုးရန်လည်း လိုအပ်မည်ဖြစ်ပြီး သတ်မှတ်ထားသည့် ကောက်ကွက်များအတိုင်း ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့်အပင်များအားလုံး ရှင်သန်ဖြစ်ထွန်းမှုရှိစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

## မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်

မိတ္ထီလာဒေသသည် မြန်မာနိုင်ငံ၏ အလယ်လမ်းဆုံကျသည့်ဒေသဖြစ်သဖြင့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြားသို့ တင်ပို့နိုင်သည့် အခြေအနေကို ပိုင်ဆိုင်ထားရှိသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းဖူလုံမှုကို ဦးစွာဆောင်ရွက်ပြီး ပိုလျှံသည်များကို ပြင်ပသို့ ဆက်လက်တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းထွက်ရှိသည့် စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ MSME ထုတ်ကုန်များသည် ပြည်တွင်းဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းဖြစ်ထွန်းသည့် မီးဖိုချောင်သုံးသီးနှံများကို တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြှင့်ပစ္စည်းအဖြစ်ထုတ်လုပ်ကာ တင်ပို့ရောင်းချခြင်းဖြင့် ဒေသနှင့်နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်ပြောင်းလဲ ဖွံ့ဖြိုးလာနိုင်မည်ဖြစ်သဖြင့် ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်

မိတ္ထီလာဒေသအတွင်း ပညာရေးအားနည်းချက်များရှိနေသည်ကို တွေ့ရှိရပြီး တန်းစဉ်ကူးပြောင်းမှုလျော့နည်းပြီး ကျောင်းနေရာခိုင်နှုန်း နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာဒေသအနေဖြင့်လည်း ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိတ္ထီလာဒေသသည် ကောလိပ်များ၊ တက္ကသိုလ်များ လုံလောက်စွာရှိပြီးဖြစ်ပြီး ပညာရေးနှင့်ပတ်သက်၍ အခွင့်အလမ်းကောင်းများ ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဒေသတွင်း ပညာတတ်များ ပေါ်ကြွယ်ဝစေရေး အားပေးဆောင်ရွက်သွားကြစေလိုကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုရှိစေရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးရုံများအဆင့်မြှင့်တင်ပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့်စပ်ဆက်၍ အားကစားကဏ္ဍ မြင့်မားရေးကိုလည်း အားပေးမြှင့်တင်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားရုံများ၊ အားကစားကွင်းများ အဆင့်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အားကစားနှင့်ပတ်သက်၍ အခြေခံအဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံမှသာလျှင် အားကစားစိတ်ဓာတ်များ ပြည့်ဝလာမည်ဖြစ်ပြီး ပြည့်ပြည့်ဝဝ လေ့ကျင့်အားထုတ်နိုင်မည်ဖြစ်ကြောင်း၊ နည်းစနစ်ပိုင်းနှင့် ကြံ့ခိုင်မှုအပိုင်း ပြည့်ဝမှုရှိစေရေးအတွက်လည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိတ္ထီလာခရိုင်အနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားကဏ္ဍမြင့်မားမှုရှိစေရေး အားပေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

## မြေအသုံးချမှုများ စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်လို

မိတ္ထီလာခရိုင်အတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် မြေယာအသုံးချမှုများ မှန်ကန်မှုရှိစေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြေအသုံးချမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ မြေလွတ်မြေရိုင်းနှင့် ပတ်သက်သည့် ဥပဒေများကို ပြဋ္ဌာန်းထားရှိပြီးဖြစ်ပြီး သတ်မှတ်ပေးထားသည့် ခွင့်ပြုချက်များနှင့်အညီသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဥပဒေကသတ်မှတ်ပေးထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

## လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

မိမိတို့အနေဖြင့် ယခုနှစ် နှစ်ကုန်ပိုင်းတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ မဲစာရင်းများမှားယွင်းမှုမရှိစေရေး၊ မဲမသမာမှုမဖြစ်စေရေးတို့အတွက် စနစ်တကျ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကျင်းပချိန်၌ နိုင်ငံတကာမှလေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်သွားမည်ဖြစ်ပြီး အချို့နိုင်ငံများက လာရောက်ရန် သဘောတူပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး မိတ္ထီလာခရိုင်အနေဖြင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

## သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့် ထုတ်လုပ်ရေးလုပ်ငန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်တွင်လိုက်လာသည့် အဖွဲ့ဝင်များနှင့်အတူ မိတ္ထီလာမြို့ဝမ်းတော်ပြည့် တိုးချဲ့ နယ်မြေ (၈) ကျီတော်ကုန်းရပ်ကွက်ရှိ သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့် ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးတင့်နိုင်ဝင်းနှင့် ဒေါ်သန္တာမျိုးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် လုပ်ငန်းမှထုတ်လုပ်လျက်ရှိသည့် ငရုတ်သီးမှုန့် ထုတ်ကုန်များ ထုတ်လုပ်ထားရှိမှု၊ ပိုးသတ်ပြီး ငရုတ်သီးများအား နေရောင်ခြည်စွမ်းအင်သုံးအခြောက်ခံစက် (Solar Dryer Domes) အတွင်း၌ ငရုတ်သီးအမျိုးအစားအလိုက် Moisture (၈ မှ ၁၀) အထိ ကျအောင်အခြောက်ခံထားရှိမှု၊ ငရုတ်ခြောက်များအား အညှာခြွေသန့်စင်မှု၊ သန့်စင်ပြီး ငရုတ်ခြောက်များအား မှိုဝင်မှုမရှိစေရေး Moisture ၅ အထိ ကျအောင်အခြောက်ခံ၍ ကြိတ်ခွဲနေမှု၊ ထွက်ရှိလာသည့် ကုန်ချောများကို Packing ထုပ်ပိုးနေမှု စသည်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအဆင့်ဆင့်အား လိုက်လံကြည့်ရှုပြီး လုပ်ငန်းရှင်များ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ အားပေးစကားပြောကြားသည်။

❖ **မိတ္ထီလာဒေသရှိ စီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်နှင့် ဝန်ကြီးဌာနများအလိုက် သက်ဆိုင်ရာဌာနများနှင့် ပညာရှင်များက မိတ္ထီလာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများ၊ ရပ်မိရပ်ဖများနှင့်တိုင်ပင်၍ သုတေသနလုပ်ငန်းများဆောင်ရွက်သွားရန်နှင့် လက်တွေ့အသုံးချသွားရန်လိုပြီး အခြားဒေသများတွင်လည်း ထိုသို့ ဆောင်ရွက်သွားရန်လို**

❖ **မြေပဲစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက် မပြည့်မီမှုကြောင့် ငွေကျပ် ၄၆ ဒသမ ၈၉၅ ဘီလီယံလျော့နည်းခဲ့ပြီး နှမ်းစိုက်ပျိုးမှုတွင် ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် ၅၈၀ ဒသမ ၄၈ ဘီလီယံ လျော့နည်းခဲ့ကာ နေကြာ၊ ပဲတီစိမ်းစသည့်သီးနှံများအပါအဝင် မိတ္ထီလာခရိုင်အတွင်း တစ်ဧကပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း မပြည့်မီမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းတွင် စုစုပေါင်း ငွေကျပ် ၉၈၀ ဘီလီယံခန့် လျော့နည်းဆုံးရှုံးခဲ့ရ**

*စာမျက်နှာ ၆ သို့*

# တပ်မတော် သားရေစက်ရုံ(မိတ္ထီလာ)အနေဖြင့် ယခုထုတ်ကုန်ပစ္စည်းများ၊ အရည်အသွေးများဖြင့် ကျေနပ်နေ၍မရဘဲ အရည်အသွေးပိုမိုမြင့်မားသည့် သားရေကုန်ကြမ်းထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်

နေပြည်တော် ဇူလိုင် ၁၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ တပ်မတော်သားရေစက်ရုံ (မိတ္ထီလာ) သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူးက ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် စက်ရုံသမိုင်းအကျဉ်း၊ စက်ရုံ၌ တပ်ဆင်အသုံးပြုလျက်ရှိသည့် စက်များ၏ စွမ်းဆောင်နိုင်ရည်၊ ကရုန်းသားရေ၊ ဆိုးလ်သားရေနှင့် ဆိတ်သားရေတို့အား တစ်နှစ်လျှင် သားရေကုန်ကြမ်း ထုတ်လုပ်ပေးနိုင်မှုနှင့် ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်၊ စက်ရုံဝန်ထမ်းများအတွက် သက်သာချောင်ချိရေးဆောင်ရွက်ပေးနိုင်မှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**သားရေကုန်ကြမ်းထုတ်ကုန်**
**ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်း**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ ဝတ်ရေးအတွက် အဆင်ပြေမှုရှိစေရေး တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် အဝတ်အထည်၊ အသုံးအဆောင်များဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာတွင်လည်း အစိုးရများအနေဖြင့် တပ်မတော်သားများ၏ ဝတ်ရေးနှင့်ပတ်သက်၍ စီမံဆောင်ရွက်ပေးမှုများရှိကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် တပ်မတော်သားအားလုံး၏ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ အရည်အသွေးမြင့်ကုန်ပစ္စည်းများကို အသုံးပြုပြီး ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းများ ကောင်းရုံဖြင့်မရဘဲ လက်ရာများလည်း ကောင်းရန်လို အပ်မည်ဖြစ်ကြောင်း၊ တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ) အနေဖြင့် ယခုထုတ်ကုန်ပစ္စည်းများ၊ အရည်အသွေးများဖြင့် ကျေနပ်နေ၍မရဘဲ အရည်အသွေးပိုမိုမြင့်မားသည့် သားရေကုန်ကြမ်းထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် ပုဂ္ဂလိက သားရေအချောထည်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းများအတွက် သားရေကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ သားရေထုတ်လုပ်မှုနည်းစဉ်များကိုလည်း စဉ်ဆက်မပြတ်လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ ဖိနပ်လုပ်ငန်းအတွက်လိုအပ်သည့် သားရေများအပြင် အခြားလုပ်ငန်းသုံးသားရေပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက်လည်း အရည်အသွေးမြင့် သားရေများထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်သားရေစက်ရုံ (မိတ္ထီလာ)၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

**ထုတ်လုပ်မှုအဆင့်ဆင့် ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)အတွင်း လှည့်လည်၍ သားရေ ရေစို ဌာန၊ သားရေ အချောကိုင်ဌာန၊ သားရေ ဆိုးလ်ဌာနတို့အတွင်း သားရေကုန်ကြမ်း ထုတ်လုပ်နေမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ခင်းကျင်းပြသထားသည့် တပ်မတော်သားရေစက်ရုံ(မိတ္ထီလာ)မှ ထုတ်လုပ်ထားရှိသော သားရေကုန်ကြမ်းများအား ကြည့်ရှုကာ လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၅ မှ*

အဆိုပါ သိန်းမင်းအမှတ်တံဆိပ် ငရုတ်သီးမှုန့် ထုတ်လုပ်ရေးလုပ်ငန်းသည် ၁၉၈၈ ပြည့်နှစ်ကတည်းက စတင်တည်ထောင် ထုတ်လုပ်ခဲ့သည့် မိရိုးဖလာလုပ်ငန်းဖြစ်ပြီး လက်ရှိအချိန်တွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သုံးစွဲနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ မိတ္ထီလာဒေသအတွင်း၌ ဒေသတွင်း တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဟူသည့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသမှထွက်ရှိသည့် ငရုတ်သီးများနှင့် ရောဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ ငရုတ်သီးများဖြင့် ငရုတ်ချဉ်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်နှင့် ငရုတ်ဆော့ စသည်တို့ကို ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ မိတ္ထီလာခရိုင်အပြင် ရန်ကုန်၊ မန္တလေး၊ မကွေး၊ တာချီလိတ်၊ နေပြည်တော်၊ ပျဉ်းမနား၊ တပ်ကုန်း၊ မော်လမြိုင်၊ ပြင်ဦးလွင်၊ ဘုတ်ပြင်း၊ နမ့်ဆန်၊ တောင်ကြီး၊ ရွှေညောင်၊ ပဲခူး၊ တောင်ငူတို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဈေးကွက်တိုးချဲ့နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် MSME ကုန်စည်ပြပွဲများ၌ ပြသဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းရှိ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သကဲ့သို့ သွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်ဖြစ်သဖြင့် ယခုထက် ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

## မိဘမေတ္တာ အဆင့်မြင့်ဆန်စက်လုပ်ငန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခရီးစဉ်တွင်လိုက်လာသည့် အဖွဲ့ဝင်များနှင့်အတူ မိတ္ထီလာမြို့ မိဘမေတ္တာ အဆင့်မြင့်ဆန်စက်လုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးအောင်ရဲကျော်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံမှ ကြိတ်ခွဲထုတ်လုပ်လျက်ရှိသည့် ဆန်များအား ကြည့်ရှုပြီး ဆန်စက်များမှ ထွက်ရှိလာသည့် စပါးခွံများကို အလေအလွင့်မရှိစေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ထင်းသုံးစွဲမှုကို လျော့ကျစေသည့် ထင်းအစားထိုး စပါးခွံလောင်စာတောင့် ထုတ်လုပ်နေမှု၊ အဆိုပါ စပါးခွံ လောင်စာတောင့် အသုံးပြုသည့် Gasifier စက်ဖြင့် အင်ဂျင်လည်ပတ်ကာ လုပ်ငန်းသုံးလျှပ်စစ်ဓာတ်အား ပြန်လည်ထုတ်လုပ်နေမှု၊ စပါးအခြောက်ခံစက် အသုံးပြု၍ စပါးများအား အခြောက်ခံနေမှု၊ စပါးကြိတ်ခွဲစက်များမှ စပါးများ ကြိတ်ခွဲနေမှုတို့ကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းရှင်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးကာ အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# မြစ်ကြီးနားမြို့နယ်နှင့် သန်လျင်မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ပေါ်ရှိ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၈၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေ ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကုလားဝဲကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၃၉ ဦးတို့ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွာမကျောင်းတိုက်ဓမ္မာရုံ၌ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားသည်။**

ထိုသို့ အားပေးစကားပြောကြားရာတွင် ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကား ပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ဆေးရုံတပ်မှူးက ဆေးရုံသမိုင်းအကျဉ်း၊ တပ်မတော်သားများနှင့် ဒေသခံပြည်သူများအား ဆေး အကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ အထူးကုသမှုများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများ၊ အစားထိုးခွဲစိတ်ကုသရေးလုပ်ငန်းများနှင့် နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်နှင့် သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်သားများနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ နယ်လှည့်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ချိန်တွင် ပြည်သူ့ကျန်းမာရေး ဟောပြောမှုများကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်း၊အရက်သေစာသောက်စားမှုများကြောင့် ကျန်းမာရေး ထိခိုက်မှုဖြစ်ပေါ်မှုများနှင့် ပတ်သက်၍လည်း ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားပြီး ဆေးရုံလိုအပ်ချက်များကိုမေးမြန်းကာ ဆေးရုံအုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများနှင့် ကုသမှုဆိုင်ရာ အဆောက်အအုံများ အဆင့်မြှင့်တင် တည်ဆောက်ပေးမည့် အခြေအနေများကို တာဝန်ရှိသူများအား မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား အားပေးစကားပြောကြားစဉ်။

## မိတ္ထီလာ တောင်ကန်ပေါင် (ရန်ကုန်-မန္တလေး)လမ်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာ တောင်ကန်ပေါင် (ရန်ကုန်-မန္တလေး) လမ်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက မန္တလေးလျှောင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ကန်ပေါင် ထိခိုက်ပျက်စီးခဲ့ရမှုများနှင့် ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မိတ္ထီလာကန် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ကန်ပေါင်ပတ်လမ်းနှင့် ပလက်ဖောင်းများ စနစ်တကျဖြစ်စေရေး၊ ကန်ပေါင်ပေါ်၌ ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်နိုင်ရေး တို့နှင့်ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## မိတ္ထီလာခရိုင်အားကစားကွင်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန၊ ခရိုင်အားကစားကွင်းသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က **ခရိုင်အဆင့်အားကစားကွင်းဖြစ်သည်နှင့်အညီ အားကစားကွင်းနှင့် အားကစားကွင်းပုံစံအား အဆင့်မီပြုပြင်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးသွားမည် ဖြစ်**ကြောင်း၊ **ပွဲကြည့်ပရိသတ်များ အဆင့်မီမီ ကြည့်ရှုအားပေးနိုင်ရေး ခရိုင်အဆင့်နှင့် လျော်ညီသည့် ပွဲကြည့်စင်ပါရှိသည့် အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးသွားမည်ဖြစ်**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာခရိုင်အားကစားကွင်း၌ အဆင့်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများအား လမ်းညွှန်မှာကြားစဉ်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူကျက်သရေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကွန်တိန်နာ အိမ်ရာဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် ရုံးဝန်ထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင် ၂၀၀ နှင့် တမလန်း ၂၅ ပင်တို့ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဂွေးချို-ချောက်ကားလမ်းဘေးရှိ အထူးစိမ်းလန်းစိုပြည်ရေးဇုန်ဧရိယာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းဘေး တပင်ကန်အနီးရှိ ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော သစ်တောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ဂွေးချို-ချောက်ကားလမ်းဘေး ဆင်ကကြိုးပြင် ကာကွယ်တောတွင် ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ ဂွေးချို-ချောက်ကားလမ်းဘေးရှိ အထူး စိမ်းလန်းစိုပြည်ရေးဇုန်ဧရိယာ (Greening Complex Zone) ဂွေးချို-ချောက်ကားလမ်းရှိ ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများနှင့် ၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော လမ်းဘေး ဝဲ/ယာ စိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မစိုက်ခင်းတို့ အောင်မြင်ဖြစ်ထွန်းနေမှု၊ ကျောက်ပန်းတောင်း - မကွေးကားလမ်း မိုင်တိုင်အမှတ်(၃၅၈/၃) ရှိ ၂၀၂၄ ခုနှစ်တွင် စိုက်ပျိုးထားသော ရေနံချောင်းမြို့နယ် ယာကြီးပြင် ကျေးရွာဘက်စုံသုံး တစ်ရွာနှစ်ဧက စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းမြို့နယ် နတ်ကန်ဦးကြိုးပြင် ကာကွယ်တောရှိ အထူးစိမ်းလန်းစိုပြည်ရေးဇုန် စီမံကိန်းဧရိယာ၌ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပမည့်နေရာတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ၂၀၂၀ ပြည့်နှစ်တွင် စိုက်ပျိုးထားသော အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း၌ အပင်များ အောင်မြင်ဖြစ်ထွန်းနေမှု၊ ၂၀၂၂ ခုနှစ်တွင် စိုက်ပျိုးထားသော စံပြတမာစိုက်ခင်း ဧက ၁၀၀ တို့ကို ကြည့်ရှုစစ်ဆေးပြီး အောင်မြင်ဖြစ်ထွန်းနေမှုများ ဆက်လက်ထိန်းသိမ်းသွားရန် မှာကြားသည်။

ထို့နောက် ရေနံချောင်းမြို့နယ်ရှိ ဖန်ခါးစမ်းအမြဲတမ်းပျိုးဥယျာဉ်ရှိ မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေးဇုန် စီမံကိန်းအတွက် စိုက်ပျိုးရန် ပျိုးထောင်ထားသော ပျိုးပင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

ယခုအခါ နိုင်ငံတွင်း၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရင်ကြားစေ့ရေးအတွက် သက်ဆိုင်သူများပါဝင်သော စီးပွားရေးဖိုရမ်များ၊ ငြိမ်းချမ်းရေးဖိုရမ်များ ကျင်းပ၍ အကောင်းဆုံးသောနည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်လျက်ရှိနေသည်မှာ ပကတိဖြစ်ရပ်များပင်ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၏ ဖော်ပြပါအပြုသဘောလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအနေဖြင့် တစ်စုံတစ်ရာ အသိအမှတ်ပြုခြင်းမရှိသည်မှာ အထူးစိတ်ပျက်ဖွယ်ရာပင်ဖြစ်သည်။ ဤလုပ်ရပ်များသည် ကုလသမဂ္ဂ၏ မျှတမှု၊ ဘက်မလိုက်မှု၊ အဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးကို လေးစားမှုနှင့် ပွင့်လင်းမြင်သာမှု စသည့်စံနှုန်းများကို သွေဖည်ဆန့်ကျင်လျက်ရှိသည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသော ပဋိပက္ခများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များ၊ ကပ်ရောဂါဘေးဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေးဖွံ့ဖြိုးတက်ရေး အရေးကြီးကိစ္စရပ်များ ဦးစားပေးဖြေရှင်းရမည့်အစား နိုင်ငံတစ်နိုင်ငံအပေါ် ပစ်မှတ်ထားဆောင်ရွက်မှုများသည် ကုလသမဂ္ဂအပေါ် အဖွဲ့ဝင်နိုင်ငံများ၏ ယုံကြည်မှုကို လျော့ကျစေမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများကို ဆက်လက်လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့မှုနှင့် နိုင်ငံ့အရေးကိစ္စတို့ကို မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ် ဆောင်ရွက်မှုများအား အသိအမှတ်ပြု၍ ပူးပေါင်းပါဝင်ရန် တိုက်တွန်းသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်**

# စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ(၆ / ၂၀၂၅) အစည်းအဝေးကျင်းပ

**မုံရွာ ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ (၆/၂၀၂၅) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်း၊ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်/ တည်းခိုရိပ်သာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြောင်းအမျိုးမျိုးဖြင့် ခရီးသွားလာကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအတွက် လည်ပတ်သည့် ခရီးစဉ်ဒေသများ အဆင်ပြေ ချောမွေ့စေရန်နှင့် ခရီးသွားများ၏ ရည်ရွယ်ချက်များ သက်သောင့်သက်သာရှိရန်အတွက် ပြည်တွင်းခရီးသွား စစ်တမ်းပါ လိုအပ်ချက်များကို လေယာဉ်ခရီးစဉ်မှသည် ယာဉ်၊ ရထား၊ Taxi အထိ ပြည့်စုံကောင်းမွန်အောင် ကော်မတီအဖွဲ့ဝင်များနှင့် ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းရှင်များက ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်စိန်က ခရီးသွားလုပ်ငန်းကော်မတီ ၅/၂၀၂၅ ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနများအလိုက် တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဇုန်များ၌ သန့်ရှင်းသပ်ရပ်မှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ ခရီးသွားများသွားလာရေး၊ နေထိုင်ရေးနှင့် ဟိုတယ်/ တည်းခိုရိပ်သာများ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဟိုတယ်/ တည်းခိုရိပ်သာ လုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်ဆည်းပေးရန် လိုအပ်မှုအခြေအနေများကိုလည်းကောင်း အကြံပြု ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် အစုအဖွဲ့လေးဖွဲ့မှ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နို့စားနွားမွေးမြူသူတောင်သူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် လိုအပ်သည့်မျိုး၊ အစာနှင့် ခြံတည်ဆောက်ခြင်းများအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နို့စားနွားမွေးမြူသူ တောင်သူများ နို့နှင့် နို့ထွက်ပစ္စည်းများ တန်ဖိုးမြှင့်စားသောက်ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး နို့စားနွားမွေးမြူသူ အသင်းသားများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် သဲကုန်းကျေးရွာရှိ သဲကုန်းမွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ နို့စားနွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် လိန်တောကျေးရွာ၌ အခြေခံစက်ချုပ် နည်းပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော သင်တန်းသူများ၏ စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူ ငါးဦး၏ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ စဉ်ဆက်မပြတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် မိတ္ထီလာမြို့ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် ကျေးလက်နေပြည်သူများ၏ဝင်ငွေတိုးလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို စေတနာထားလုပ်ဆောင်ကြရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများတင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း နေပြည်တော် ဟိုတယ်ဇုန် (၂) အတွင်းရှိ ဟိုတယ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် နေပြည်တော် ဟိုတယ်ဇုန် (၂) ဥတ္တရသီရိမြို့နယ်ရှိ ဟိုတယ်များမှ လုပ်ငန်းရှင်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်ဇုန်(၂)ရှိ ပြိုကျပျက်စီးနေသော အဆောက်အအုံများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းပြီး သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိခိုက်ပျက်စီးမှုနည်းသော အပြာရောင်အဆင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံ၍ ခရီးသွားရာသီကာလ ခရီးသွားများပိုမိုဝင်ရောက်လာချိန်မတိုင်မီ အဆင်သင့်ဖြစ်နေစေရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်လုပ်ငန်းများ အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်စေရေးအတွက် လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟိုတယ်များအနေဖြင့် ဟိုတယ်နှင့် ဆက်စပ်လုပ်ငန်းများကိုသာ လိုင်စင်သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်ဇုန်(၂) အတွင်းရှိ ဟိုတယ်များမှ လုပ်ငန်းရှင်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများက ဟိုတယ်များ၏ ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ ပျက်စီးသောနေရာများ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ထားရှိမှု၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းများ ပြန်လည် လည်ပတ်နေမှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိမ်မဲမြို့နယ်၌ မိုးစပါးရေဆင်းပေါ်ဆန်း-၂ စပါးမျိုးစေ့ထုတ် စံပြစိုက်ခင်းစိုက်ပျိုးနေမှု ကြည့်ရှုအားပေး

**အိမ်မဲ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆိတ်ချေးကုန်းကျေးရွာတွင် မိုးစပါး ရေဆင်းပေါ်ဆန်း-၂ စပါးမျိုးစေ့ထုတ် စံပြစိုက်ခင်းကို ယမန်နေ့ကစိုက်ပျိုးခဲ့ရာ တာဝန်ရှိသူများ ကြည့်ရှုအားပေးသည်။

အဆိုပါလုပ်ငန်းများကို အိမ်မဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ဝန်ထမ်းများက ဆိတ်ချေးကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၄၄-က)၊ ဦးပိုင်အမှတ်(၂၃/၁) ရှိ တောင်သူ ဦးအောင်သောင်း၏ လယ်ဧက ၂ ဒသမ ၀၀ ၌ ၂၀၂၅ ခုနှစ် မိုးစပါးရေဆင်းပေါ်ဆန်း-၂ စပါးမျိုးစေ့ထုတ် စံပြစိုက်ခင်းအား ဆောင်ရွက်လျက်ရှိရာ



မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

**အိမ်မဲ (ပြန်/ဆက်)**

## တနိုင်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး

**တနိုင်း ဇူလိုင် ၁၀**

ကချင်ပြည်နယ် တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ခြင်းကို ဇူလိုင် ၇ ရက်က ဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးမှုကို မိုင်းခွန်ကျေးရွာအုပ်စုရှိ ရေနံကုန်းကျေးရွာ COC ဘုရားကျောင်းဝင်းအတွင်း၌ မြို့နယ်လဝကဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဘောက်နော်နှင့် ဝန်ထမ်းလေးဦးတို့က ဇူလိုင် ၇ ရက်မှ စတင်၍ဆောင်ရွက်ကာ နိုင် ၃ (က) အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦးနှင့် နိုင်၆ (က)အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၃၃ ဦး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း မြို့နယ်လဝကဦးစီးထံမှ သိရသည်။

**မနော်မြေ(တနိုင်း)**



## မက်မန်းမြို့နယ်၌ ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်နိုင်ရေးကွင်းဆင်းဆောင်ရွက်

**မက်မန်း ဇူလိုင် ၁၀**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ မက်မန်းခရိုင် ကျေးလက်



လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကွန်ဟောင်းကြီး - ပန်ဟုန်းလမ်း ကျေးရွာချင်းဆက်မြေသားလမ်း ချဲ့ခြင်းလုပ်ငန်းအတွက် စစ်ဆေးတိုင်းတာခြင်းကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မက်မန်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသက်ထွန်းနှင့် အဖွဲ့သည် ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေ ၁၇၄ ဒသမ ၂၉ သန်းဖြင့် ကွန်ဟောင်းကြီး - ပန်ဟုန်းလမ်း လမ်းအရှည် နှစ်မိုင်၊ အကျယ်ပေ ၃၀ ရှိ လမ်းမြေသားချဲ့ခြင်းလုပ်ငန်းအတွက် တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အေဇက်ထွန်း(မက်မန်း)**

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သစ်ပင်သစ်တောများစိုက်ပျိုးပြုစုထိန်းသိမ်းပေး

သစ်တောမောင်

**အပူပိုင်းဒေသ အဓိကပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ**

ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာ အာဟာရလျော့နည်းလာခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်းလျော့ကျခြင်း၊ ရေခန်းခြောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းလာခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာ့နိုင်ငံများ တွေ့ကြုံရင်ဆိုင်ရလျက်ရှိပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများတွင်လည်း အပူချိန်မြင့်မားလွန်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးများခြင်း၊ မိုးခေါင်ခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များကို ရင်ဆိုင်ကြရလျက်ရှိပါသည်။

အပူချိန်မြင့်မားလွန်းခြင်းကြောင့် သတိလစ်ခြင်းမှသည် အသက်သေဆုံးသည်အထိ အန္တရာယ်ကြီးပါသည်။ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေနည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ လေထုနှင့်မြေထု အပူချိန်မြင့်မားမှုဒဏ် ကြာရှည်စွာခံစားရခြင်း၊ အပူချိန်အတက်အကျလွန်ကဲခြင်း၊ မြေဆီလွှာရေငွေ့ပျံမှုနှုန်း မြင့်မားခြင်း၊ စိုထိုင်းဆနိမ့်ခြင်း၊ မြေဆီခြောက်ခန်းခြင်းနှင့် မြေအရည်အသွေး အဆင့်အတန်းနိမ့်ကျခြင်း၊ ရေနှင့်လေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာ တိုက်စားခြင်း စသည်တို့သည် အဓိကရင်ဆိုင်နေရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်သည်။

**မြေယာအတန်းအစား ကျဆင်းခြင်း**

မြေယာအတန်းအစား ကျဆင်းခြင်းဆိုသည်မှာ မြေသြဇာကောင်းမွန်သော မြေများမှ စိုက်ပျိုးရေးသီးနှံထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်ရန် မဖြစ်ထွန်းနိုင်သော ခြောက်သွေ့သောမြေများ၊ သစ်ပင်များပေါက်ရောက်နိုင်ရန် စိုက်ပျိုးနိုင်ရန် ခက်ခဲသောမြေများ၊ အောက်ခံကျောက်သားများသာ တွေ့မြင်ရနိုင်သည့် ကျောက်တောင်၊ ကျောက်ကုန်းများအဖြစ် ပြောင်းလဲသွားသည့်ဖြစ်စဉ်ကို ဆိုလိုပါသည်။ မြေယာအတန်းအစား ကျဆင်းပျက်စီးခြင်း၊ တစ်မုဟုတ်ချင်း ပြောင်းလဲသွားခြင်းမဟုတ်ဘဲ သစ်ပင်သစ်တောများ ပျက်စီးပြုန်းတီးမှု၊ ဂေဟစနစ်များပျက်စီးမှုများမှတစ်ဆင့် အပင်များပေါက်ရောက်နိုင်မှုမရှိဘဲ တစ်စတစ်စလျော့နည်းပျောက်ကွယ်သွားသည့် ဖြစ်စဉ်ဖြစ်ပါသည်။ နောက်ဆုံးတွင် သဲကန္တာရဖြစ်ပေါ်လာသည့် အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။ အဆိုပါဖြစ်စဉ်များသည် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေနိုင်သည့်အတွက် ကြီးမားသော စိန်ခေါ်မှုတစ်ခုလည်းဖြစ်ပါသည်။

သစ်တောသယံဇာတများကိုစနစ်တကျစဉ်ဆက်မပြတ်စီမံအုပ်ချုပ်ခြင်း၊ သစ်တောပြုန်းတီးသောတောနိမ့်၊ တောပျက်များတွင် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ရေဝေရေလဲဒေသများထိန်းသိမ်းခြင်း၊ မြေအသုံးချမှုစနစ်တကျ ထိရောက်မှန်ကန်စွာဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မည့် စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်း (Climate Smart Agriculture-CSA)စသည့် နည်းလမ်းများသည် အဆိုပါ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်သည့် သဘာဝအခြေခံသော နည်းလမ်းများ (Nature-based solutions) ဖြစ်ပါသည်။

**မြေဆီလွှာထိန်းသိမ်းရေး**

စိုက်ပျိုးရေးသီးနှံများဖြစ်စေ၊ သစ်တောသစ်ပင်များဖြစ်စေ ရှင်သန်ကြီးထွား ဖြစ်ထွန်းအောင်မြင်ရန် အဓိကအားဖြင့် **“မျိုး၊ မြေ၊ ရေ၊ နည်း”** ပြည့်စုံကောင်းမွန်ရန် လိုအပ်ပါသည်။ အဆိုပါလေးမျိုးအနက် မြေဆီလွှာ(Soil)သည် အပင်များ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုသော အပေါ်ယံမြေလွှာ ဖြစ်ပါသည်။ ကြေကွဲပျက်စီးနေသောသတ္တုများ (Minerals)၊ ဆွေးမြေ့နေသည့် အော်ဂဲနစ်ပစ္စည်းများ၊ အလွှာအမျိုးမျိုးပါသော သဘာဝမြေသားကို မြေဆီလွှာဟု ခေါ်ဆိုကြသည်။ ပြိုကွဲကျေပျက်ပြီးသော တွင်းထွက်သတ္တုများနှင့် ဆွေးမြေ့သက်ရှိပစ္စည်းများ ရောနှောပါဝင်ဖွဲ့စည်းထားသော အရင်းအမြစ်လည်းဖြစ်ပါသည်။ မြေဆီလွှာသည် အစားထိုးမရသော သဘာဝသယံဇာတဖြစ်ပြီး အပင်များကြီးထွားရန်အတွက် အထောက်အကူပြုသည့် ကမ္ဘာ့အပေါ်ယံရှိ အလွှာပါးဖြစ်ပါသည်။ မြေဆီလွှာသည် လူသားတို့အတွက် အစားအစာ၊ ဆေးဝါး၊ အဝတ်အထည်နှင့် နေထိုင်စရာတို့ကို ထောက်ပံ့ပေးနေသည့် သဘာဝသယံဇာတဖြစ်ပါသည်။

မြေဆီလွှာအရည်အသွေးကျဆင်းခြင်း၊ မြေဆီလွှာပျက်စီးခြင်းကြောင့် ဆုံးရှုံးမှုကြီးမားစွာဖြစ်ပေါ်နိုင်ပါသည်။ မြေဆီလွှာပျက်စီးခြင်း၏ လက္ခဏာများမှာ များပြားသည်။ ရုပ်ဂုဏ်သတ္တိများပျက်စီးခြင်း (ဥပမာ-မြေဆီလွှာအား ရေနှင့် လေတိုက်စားခြင်းကြောင့် မြေစိုင်မြေခဲများ ကြေမွပျက်စီးခြင်း၊ မြေသားဖွဲ့စည်းတည်ဆောက်မှုကို ပျက်စီးခြင်း)၊ ဓာတ်ဂုဏ်သတ္တိများ ပျက်စီးခြင်း (ဥပမာ-မြေသည် ဆိုးဆိုးရွားရွား မြေချဉ်ခြင်း၊ ငန်ခြင်း၊ အက်စစ်ဖြစ်ပေါ်ခြင်း၊ ဆားပေါက်ခြင်း၊ Micro-nutrient နှင့် Macro-nutrient စသည့် အာဟာရဓာတ်များချို့တဲ့ခြင်း)၊ ဇီဝဂုဏ်သတ္တိများပျက်စီးခြင်း (ဥပမာ-မြေဆီလွှာတွင်ပါဝင်သည့် အဏုဇီဝပိုးမွှားများ Micro- organism နှင့် Macro-organism များ လျော့နည်းသွားခြင်း) ဟူ၍လည်း ခွဲခြားနိုင်ပါသည်။

မြေဆီလွှာ၊ ရေသယံဇာတနှင့် သစ်ပင်သစ်တောများသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေသဖြင့် မြေ၊ ရေနှင့် သစ်ပင်သစ်တောများကို ဘက်စုံကဏ္ဍစုံ နည်းလမ်းအမျိုးမျိုးဖြင့် ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။ ကွန်တိုကန်သင်းတည်ဆောက်ခြင်း၊ နုန်းတားဆည်/ ကန်သင်း တည်ဆောက်ခြင်း၊ ရေကျော်ကျောက်တန်း တည်ဆောက်ခြင်း၊ ရေစုကျင်း၊ ရေစုကန်များ တည်ဆောက်ခြင်း၊ စိုက်ကျင်းများဖြင့် သစ်ပင်စိုက်ပျိုးခြင်းကဲ့သို့ ရုပ်ဝတ္ထုများအသုံးပြုထိန်းသိမ်းခြင်း (Physical Measures)၊ တောင်စောင်းများတွင် ကွန်တိုလိုင်းအတိုင်း သီးနှံပင်များ၊ မြက်များကိုစိုက်ပျိုးခြင်း၊ မြေဆီလွှာဖုံးရန် အပင်ငယ်များ စိုက်ပျိုးခြင်း၊ လေကာပင်များ စိုက်ပျိုးခြင်း စသည့် သက်ရှိများ အသုံးပြုထိန်းသိမ်းခြင်း (Biological Measures) နှင့် သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ မြေလှုပ်ထားခြင်း၊ နွေထယ်ရေးခံခြင်း၊ ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနည်းလမ်းကောင်းများ ကျင့်သုံးစိုက်ပျိုးခြင်း (Good Agriculture Practices) အစရှိသည့် စိုက်ပျိုးရေးနည်းစနစ်များဖြင့် ထိန်းသိမ်းခြင်း (Agronomic Measures) အဓိက အသုံးပြုဆောင်ရွက်နိုင်ပါသည်။

အထူးသဖြင့် အပူပိုင်းဒေသများတွင် အပူချိန်လျှော့ချနိုင်ရန်နှင့် အရိပ်အာဝါသများရရှိစေရန်၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်ကို အထောက်အကူပြုစေရန်၊ မြေဆီလွှာအာဟာရဓာတ်များ တိုးတက်ကောင်းမွန်စေရန်၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြင့်မားလာစေရန်၊ အပူပိုင်း မိုးခေါင်ရေရှားဒေသများတွင် မိုးရေအား စုဆောင်းရန်နှင့် ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် **“ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification-UNCCD)”** က အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန် တိုက်တွန်းထားပါသည် -

- ❖ သစ်တောများပြန်လည်တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ❖ ရေများကိုချွေတာသုံးစွဲခြင်း၊ သန့်စင်ပြီး ပြန်လည်သုံးစွဲခြင်း၊ မိုးရေကို စနစ်တကျ စုဆောင်း အသုံးပြုခြင်းများအပါအဝင် ရေသယံဇာတများ ထိန်းသိမ်းခြင်းနှင့် စနစ်တကျ စီမံခန့်ခွဲခြင်း၊
- ❖ လေတိုက်စားမှု၊ ရေတိုက်စားမှုများ ကာကွယ်ရန်အတွက် မြေဆီလွှာအကာအကွယ်အဖြစ်ရှင်သန်နိုင်မည့် ဒေသမျိုးရင်းအပင်များ၊ ကြီးမြန်သစ်ပင်များ၊ အပူဒဏ်ခံနိုင်သော အပင်များစိုက်ပျိုးခြင်း၊
- ❖ လယ်၊ ယာအစပ်များတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ အိမ်ခြံဝင်းအတွင်း Home Garden ကဲ့သို့ သစ်ပင်မျိုးစုံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊
- ❖ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် ကိုင်းချိုင်ခြင်းမှရရှိလာသော သစ်ရွက်၊ သစ်ကိုင်းများကို အပင်ခြေတွင်စုပုံပြီး မြေဆီလွှာအား အကာအကွယ်ပေးခြင်း။

မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများ နည်းလမ်းများစွာရှိရာ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းသည် အခြေခံအကျအဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ ရိုးရှင်းလွယ်ကူဆုံး၊ လူတိုင်းလူတိုင်းနေရာဒေသမရွေး ဆောင်ရွက်နိုင်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပါသည်။

**သစ်ပင်စိုက်ပျိုး၍ မြေယာပြုပြင်ထိန်းသိမ်းခြင်း**

အပူပိုင်းဒေသသည် ပူပြင်းခြောက်သွေ့ပြီး မိုးရေချိန်နည်းပါးကာ မြေတိုက်စားမှုများကြောင့် အပေါ်ယံမြေဆီလွှာနည်းပါးသဖြင့် အပင်များ သဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှသလို ရှင်သန်အောင်မြင်စေရန် စိုက်ပျိုးရန်လည်း ခက်ခဲပါသည်။ အထူးသဖြင့် အပူပိုင်းဒေသ၏ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုမရှိသည့် အပင်မျိုးစိတ်များ ရှင်သန်ဖြစ်ထွန်းအောင်မြင်ရန် အလွန်ခက်ခဲပါသည်။ သစ်ပင်စိုက်ပျိုးသည့် နေရာဒေသ၏ ရာသီဥတု၊ မိုးရေချိန်၊ မိုးရွာသွန်းမှုပုံစံ၊ မြေဆီလွှာအခြေအနေနှင့် စိုက်ပျိုးမည့် သစ်မျိုးတို့အပေါ်မူတည်ပြီး ကြံ့ခိုင်သန်စွမ်းသော ပျိုးပင်၊ မှန်ကန်သင့်တော်သည့် စိုက်ပျိုးနည်းစနစ်၊ လုံလောက်သော သွင်းအားစု၊ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းမှုတို့ဖြင့် စိုက်ပျိုးဆောင်ရွက်ကြမှသာ အောင်မြင်နိုင်သည်။

အပူပိုင်းဒေသများရှိ မြေဆီသြဇာအာဟာရနည်းပါးနေသောမြေများ၊ ထုတ်လုပ်နိုင်မှု စွမ်းအားကျဆင်းနေသောမြေများ၊ မြေဆီလွှာအတန်းအစားကျဆင်းနေသောမြေများကို ပြန်လည်ကောင်းမွန်လာစေရေးအတွက် သစ်တောသစ်ပင်များ၊ နှစ်ရှည်စားပင်သီးပင်များကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးမှသာ အပင်များရေရှည်ရှင်သန်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ယခုအခါ အပူပိုင်းဒေသတွင် ရှင်သန်အောင်မြင်နိုင်သည့် ဒေသမျိုးရင်း သစ်မျိုးများဖြစ်သော တမာ၊ ထနောင်း၊ မန်ကျည်း၊ မြန်မာကုက္ကို၊ မြန်မာရှား၊ ဒဟတ်၊ သခွပ်၊ မဲဇလီ၊ ပန်းမဲဇလီ၊ မယ်ဇယ်၊ စန္ဒကူး၊ ဖျောက်ဆိပ်၊ စံကားဝါ၊ သစ်ဆိမ့် စသည့် ဒေသမျိုးရင်းသစ်မျိုးများကို ပျိုးထောင်စိုက်ပျိုးလာလျက်ရှိပါသည်။ အဆိုပါဒေသမျိုးရင်းသစ်မျိုးများသည် နွေအပူဒဏ်ခံနိုင်၍ အရိပ်အာဝါသပေးစွမ်းနိုင်ရုံသာမက အသီး၊ အပွင့်၊ အညွန့်၊ အရွက်၊ အခေါက် တို့ကိုလည်း ချက်ပြုတ်စားသုံးနိုင်သကဲ့သို့ ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုနိုင်သည့် အကျိုးကျေးဇူးများ ပံ့ပိုးပေးပါသည်။ အပူပိုင်းဒေသ ဇီဝမျိုးစုံမျိုးကွဲများလည်း တိုးပွားစေပါသည်။

*စာမျက်နှာ ၁၁ သို့*

- ❒ **အပူပိုင်းဒေသများရှိ မြေဆီသြဇာအာဟာရ နည်းပါးနေသော မြေများ၊ ထုတ်လုပ်နိုင်မှုစွမ်းအားကျဆင်းနေသောမြေများ၊ မြေဆီလွှာအတန်းအစားကျဆင်းနေသောမြေများကို ပြန်လည်ကောင်းမွန်လာစေရေးအတွက် သစ်တောသစ်ပင်များ၊ နှစ်ရှည်စားပင်သီးပင်များကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးမှသာ အပင်များရေရှည်ရှင်သန်အောင်မြင်နိုင်မည်**
- ❒ **လမ်းဘေးဝဲယာတွင် စိုက်ပျိုးရန်အတွက် နေရာဒေသ၊ ရေ၊ မြေ၊ ရာသီဥတုအခြေအနေနှင့်ကိုက်ညီသော အပင်မျိုးများကို ရွေးချယ်စိုက်ပျိုးရန်လိုအပ်သကဲ့သို့ အမြဲစိမ်းအပင်များ၊ အရွက်သေးသော၊ ရွက်အုပ်ကောင်းသော၊ အပွင့်လှပသော၊ အမြစ်နက်ရှိုင်းစွာရှိပြီး အကြမ်းခံသော အပင်စရိုက်လက္ခဏာများရှိသည့် သစ်မျိုးများ၊ ကြီးမြန်သစ်မျိုးများကိုလည်း ရွေးချယ်စိုက်ပျိုးသင့်**

## အနောက်မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

အနောက်မြောက် တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲပွဲစဉ် ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း အကောင်းဆုံးဆုများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော မုံရွာ တပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၀**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် မြေညှံ့များကို ထုတ်လုပ်မှုစွမ်းအားပြန်လည်ကောင်းမွန်လာစေရေးအတွက် မြေပေါ်ဇီဝဒြပ်ထုထုတ်လုပ်မှုအားကောင်းသော အပင်များ၊ နိုက်ထရိုဂျင်ဓာတ်ထုတ်နိုင်စွမ်းမြင့်မားသောအပင်များ (Nitrogen fixing trees)၊ ရေသောက်မြစ်ရှည်သော၊ အမြစ်မွှားများသောအပင်များ၊ ပင်ကြွေဆွေးမြေ့မှုမြန်သောအပင်များ၊ ခြောက်သွေ့မှုဒဏ်ခံနိုင်သောအပင်များ စသည်ဖြင့် ရွေးချယ်စိုက်ပျိုးနိုင်ပါသည်။ ဥပမာ- ဘောစကိုင်း၊ သဘော်၊ ပန်းတမာ၊ ပဲချယ်ရီ၊ ယမနေ၊ မြန်မာကုက္ကို၊ ပိတောက်၊ ပေါက်ပန်းဖြူ၊ မဲဇလီ၊ ပန်းမဲဇလီ၊ ဆီး၊ အော်ရီရှား၊ မန်ဂျန်ရှား၊ ဖျောက်ဆိပ်၊ ဒဟတ်၊ ကန္တာစိမ်းစသည့် အပင်မျိုးများကိုလည်း နေရာဒေသအလိုက် သင့်တော်သလို ရွေးချယ်စိုက်ပျိုးနိုင်ပါသည်။

**လမ်းဘေးဝဲယာများတွင် စိုက်ပျိုးခြင်း**

လမ်းဘေးဝဲယာတွင် စိုက်ပျိုးရန်အတွက် နေရာဒေသ၊ ရေ၊ မြေ၊ ရာသီဥတုအခြေအနေနှင့် ကိုက်ညီသော အပင်မျိုးများကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်သကဲ့သို့ အမြဲစိမ်းအပင်များ၊ အရွက်သေးသော၊ ရွက်အုပ်ကောင်းသော၊ အပွင့်လှပသော၊ အမြစ်နက်ရှိုင်းစွာရှိပြီး အကြမ်းခံသော အပင်စရိုက်လက္ခဏာများရှိသည့် သစ်မျိုးများ၊ ကြီးမြန်သစ်မျိုးများကိုလည်း ရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ဥပမာ- မြန်မာကုက္ကို၊ ထနောင်း၊ တမာ၊ စိန်ပန်း၊ မဲဇလီ၊ ပန်းမဲဇလီ၊ ခရေ၊ ပိတောက်၊ ငုစပ်၊ ငုရွှေ၊ ပဲချယ်ရီ၊ စွယ်တော်၊ ညောင်၊ မန်ကျည်း၊ ပျဉ်းမ၊ ရေတမာ (သဘော်တည်)၊ မန်ဂျန်ရှား၊ အကေးရှား၊ ယူကလစ်၊ ပြည်လုံးချမ်းသာ၊ သဘော်ကုက္ကို၊ ခါတော်မီ၊ ဆီသပြေ၊ မယ်ဇယ် စသည်တို့ကို စိုက်ပျိုးနိုင်ပါသည်။

အပူပိုင်းဒေသတွင် အရိပ်ကောင်းသော မန်ကျည်း၊ လက်ပံ၊ ညောင်၊ ညောင်ထောက်၊ ပေါက် စသည်တို့ကိုလည်း စိုက်ပျိုးကြပါသည်။ သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရာသီဥတုမျှတကောင်းမွန်လာစေပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလာခြင်း၊ ထုတ်လုပ်မှုကောင်းမွန်သောမြေယာများ ပြန်လည်ဖြစ်လာစေခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုများ၊ မိုးခေါင်ရေရှားမှုပြဿနာများနှင့် ပူပြင်းခြောက်သွေ့မှုများကို တားဆီးကာကွယ်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာရရှိနိုင်မည်ဖြစ်ပါသည်။

**သစ်တောနယ်မြေပြင်ပတွင်စိုက်ပျိုးခြင်း**

သစ်တောနယ်မြေများ (သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ)တွင်သာမက သစ်တောနယ်မြေပြင်ပမှ သစ်ပင်များ (Trees Outside Forests-ToF)၏ အခန်းကဏ္ဍကိုလည်း ပိုမိုမြင့်တင်စိုက်ပျိုးထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် စိမ်းလန်းစိုပြည်သော ကျေးရွာနှင့်မြို့ပြများ ပေါ်ထွက်လာမည်ဖြစ်သည်။ ဥပမာအားဖြင့် မိမိတို့၏အိမ်ခြံဝင်း ပတ်လည်နှင့် လယ်ယာများပတ်လည်တွင် စားပင်၊ သီးပင်၊ နှစ်ရှည်ပင်၊ သစ်တောသစ်ပင် အစရှိသည့် အပင်များစိုက်ခြင်းနှင့် သဘာဝအပင်ကျန်များ ထိန်းသိမ်းခြင်း၊ ကျေးရွာအတွင်းနှင့် ပတ်ဝန်းကျင် တစ်အုပ်တစ်မစိုက်ပျိုးထိန်းသိမ်းခြင်း၊ ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ပျိုးခြင်း၊ မြို့ပြနှင့် မြို့ပြပတ်ဝန်းကျင်အတွင်း အစိမ်းရောင်ဇရိယာများ (Green Space) များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ မြစ်၊ ချောင်းတစ်လျှောက်နှင့် ရေကန်များ၊ အင်း၊ အိုင်များ ပတ်လည်တွင် စိုက်ပျိုးထိန်းသိမ်းခြင်း၊ မီးရထားလမ်း၊ ကားလမ်းဘေးဝဲ၊ ယာများတွင် စိုက်ပျိုးခြင်း၊ တောင်ထိပ်၊ တောင်ကုန်းများတွင် စိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။ သစ်တောနယ်မြေပြင်ပနေရာများတွင် စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် စိမ်းလန်းသောကျောင်းများ၊ ကျေးရွာများ၊ မြို့ပြများထွက်ပေါ်လာမည်ဖြစ်သည်။

**အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့အနေဖြင့် အပူပိုင်းဒေသအပါအဝင် ဂေဟစနစ်အမျိုးမျိုးရှိ သစ်ပင်သစ်တောကျဲပါးသော နေရာများတွင် သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာစေရေး၊ သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောများကိုစနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်လျက်ရှိပါသည်။ နှစ် ၃၀ အမျိုးသား သစ်တောကဏ္ဍပင်မစီမံကိန်း(၂၀၀၁- ၂၀၀၂ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ)၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (၂၀၁၆-၂၀၁၇ မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ)၊ မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ)များ ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသများတွင် အပူဒဏ်လျော့ပါးသက်သာစေရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြုရန်နှင့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရာသီဥတုသာယာကောင်းမွန်လာစေရန် ရည်ရွယ်ပြီး နှစ်တို၊ နှစ်ရှည် စီမံချက်များအရ စိုက်ပျိုးခြင်းအပြင် ၂၀၂၄ ခုနှစ် မိုးရာသီတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း တစ်ရွာ နှစ်ဧက စိုက်ခင်း ၁၀၄၉ ဒသမ ၄၁ ဧက (အပင်ပေါင်း ၃၅၈၅၀၃ ပင်)၊ ဘက်စုံသုံးစိုက်ခင်း ၃၃၉ ဒသမ ၇၉ ဧက(အပင်ပေါင်း ၁၀၆၉၂၄ ပင်)၊ ကျေးရွာထင်းစိုက်ခင်း ဧက ၁၈၅၀ (အပင်ပေါင်း ၁၅၅၁၀၀ ပင်)၊ ရေဝေရေလဲစိုက်ခင်း ၉၀၅ ဧက (အပင်ပေါင်း ၂၈၇၅၇၅ ပင်)၊ တောင်တန်းစိုက်ခင်း ၂၇၅ ဧက (အပင်ပေါင်း ၁၁၀၈၂၅ ပင်)၊ အခြားစိုက်ခင်း ဧက ၂၀၀ (အပင်ပေါင်း ၂၄၂၀၀ )၊ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၃၅၉၅၂၉ ပင်၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း ၂၇ ဒသမ ၈၇ ဧက (အပင်ပေါင်း ၅၅၇၇ ပင်)၊ လမ်းဘေးဝဲ/ယာ စိုက်ပျိုးခြင်း အပင် ၂၉၂၂၀၊ သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပခြင်း ၂၈၆၈၈ ပင် စုစုပေါင်း ၄၆၄၇ ဒသမ ၀၇ ဧက (အပင်ပေါင်း ၂၈၆၆၁၄၁ ပင်)တို့ကို စိုက်ပျိုးတည်ထောင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်အထိ ၅ နှစ် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် မိုးရာသီတွင် စုစုပေါင်း ၄၂၉၁ ဒသမ ၉၅ ဧက (အပင်ပေါင်း ၁၈၈၇၅၉၀ ) စိုက်ပျိုးဆောင်ရွက်လျက်ရှိပါသည်။ သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်း ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို အပူပိုင်းဒေသ (၁၃) ခရိုင် အပါအဝင် နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိပါသည်။

**သစ်ပင်ကို ချစ်မြတ်နိုးပြီး တန်ဖိုးထား ဂုဏ်ယူသောစိတ်ဖြင့် စိုက်ပျိုးထိန်းသိမ်းပါစို့**

**"သစ်တောသစ်ပင်ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး"** ဟု ဆိုပါသည်။ သစ်ပင်သစ်တောများကို ချစ်ခင်နှစ်သက်စွာ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် အဖိုးတန်ရွှေများကို ပိုင်စိုးရသကဲ့သို့ ချမ်းသာကြွယ်ဝနိုင်ကြောင်း ဖော်ညွှန်းထားခြင်းဖြစ်သည်။ **"သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားခို"** ဆိုသော်လည်း သစ်ပင်တစ်ပင် ရှင်သန်အောင်မြင်ပါက ကျေးငှက်တိရစ္ဆာန်များစွာ နားခိုနိုင်ရုံသာကမ ဘက်စုံအကျိုးကျေးဇူးများကို ရရှိခံစားနိုင်ပါသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများသည် နိုင်ငံတော်၏ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက်အလွန်အရေးကြီးပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုလည်းဖြစ်ပါသည်။

စိမ်းလန်းစိုပြည်သာယာသည့် ရေမြေတောတောင်သဘာဝသယံဇာတနှင့်ပတ်ဝန်းကျင်ကောင်းများကို အနာဂတ်မျိုးဆက်များအတွက် လက်ဆင့်ကမ်းနိုင်ရန်၊ ဂုဏ်ယူတန်ဖိုးထားတတ်ရန်၊ စိမ်းစိုသာယာလှပသည့် မိမိတို့နိုင်ငံကို ချစ်ခင်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်နေစေရန်၊ သစ်တောများမှ ပံ့ပိုးသော ဂေဟစနစ်ဝန်ဆောင်မှုများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ရန် သစ်ပင်များ အရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ်စိုက်ပျိုးကြရမည်ဖြစ်ပါသည်။

သစ်တောနယ်မြေနှင့် သစ်တောနယ်မြေပြင်ပ မည်သည့်နေရာမှ သစ်ပင်သစ်တောများကိုမဆို တန်ဖိုးထား ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။ တစ်ဦးချင်း တစ်ယောက်ချင်းအနေဖြင့်လည်းကောင်း၊ အစုအဖွဲ့ဖြင့်လည်းကောင်း အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အကျိုးဆက်စပ်ပတ်သက်သူများ၊ ပုဂ္ဂလိက ကဏ္ဍများ၊ ပြည်သူများအားလုံး ပူးပေါင်းပြီး မိမိတို့၏ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကို သစ်ပင်ပန်းမန်များ၊ သစ်တောများဖြင့် စိမ်းလန်းစိုပြည်ပြီး ရာသီဥတုမျှတကောင်းမွန်သော ဒေသကြီးများဖြစ်လာစေရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းကို တန်ဖိုးထားဂုဏ်ယူစွာ စိုက်ပျိုးထိန်းသိမ်းပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

> **"သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှ ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်အထိ ၅ နှစ် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် မိုးရာသီတွင် စုစုပေါင်း ၄၂၉၁ ဒသမ ၉၅ ဧက (အပင်ပေါင်း ၁၈၈၇၅၉၀) စိုက်ပျိုးဆောင်ရွက်လျက်ရှိ၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်း ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်ပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို အပူပိုင်းဒေသ (၁၃)ခရိုင်အပါအဝင် နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိ"**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘောလုံးပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

ပဲခူး ဇူလိုင် ၁၀

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယခုလို ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို ပဲခူးတိုင်းဒေသကြီးအနေဖြင့် အုပ်စု(က)ပွဲစဉ်များအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်ရှိသည့် အားကစားသမားများ၏ မတူကွဲပြားသည့် ကစားပုံ၊ ကစားဟန်နှင့် နည်းစနစ်များကို လေ့လာဖလှယ်ခွင့်ရရှိနိုင်စေခြင်း၊ မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသမခွဲခြားဘဲ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိနိုင်စေခြင်းနှင့် ဒေသအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားအနေဖြင့် ပဲခူးတိုင်းဒေသကြီး၏ ယဉ်ကျေးမှုဓလေ့စရိုက်၊ ဒေသန္တရဗဟုသုတများကို လေ့လာခွင့်ရရှိစေခြင်းစသည့် ရင်းနှီးချစ်ကြည်မှုများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဘောလုံးအားကစားနည်းသည် နည်းစနစ်ကိုအခြေခံပြီး တစ်ဦးချင်း ကျွမ်းကျင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်စွာ အပေးအယူမျှတမှု၊ သက်လုံနှင့်ကြံ့ခိုင်မှုတို့ပါ ပြည့်ဝရန်လိုသည့် အားကစားနည်းဖြစ်သည့်အပြင် ပြိုင်ပွဲဝင်များအနေဖြင့် သတ်မှတ်ထားသော စည်းမျဉ်း/စည်းကမ်း ဥပဒေနှင့်အညီလိုက်နာပြီး မိမိတို့၏ပင်ကိုအရည်အသွေး၊ ဖြတ်ထိုးဉာဏ်အပေါ် လျှပ်တစ်ပြက်အသုံးချ၍ ယှဉ်ပြိုင်အနိုင်ယူကစားရသည့် အမျိုးသားကစားနည်းတစ်ခုဖြစ်၍ မိမိတို့ ကိုယ်စားပြုသည့် တိုင်းဒေသကြီး/ပြည်နယ် အောင်နိုင်ရေးအတွက် ကြိုးစားသွားကြစေလိုကြောင်းနှင့် ပြိုင်ပွဲဝင်ကာလတစ်လျှောက်လုံး စိတ်ချမ်းသာပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အဘက်ဘက်မှ ပြည့်စုံကောင်းမွန်စွာ စောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဘောလုံးအသင်းများသို့ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား လိုက်လံနှုတ်ဆက် အားပေးခဲ့ကြကြောင်းနှင့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက်(၁၈) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ပဲခူးတိုင်းဒေသကြီးဘောလုံးအသင်း၊ မန္တလေးတိုင်းဒေသကြီးဘောလုံးအသင်း၊ ကယားပြည်နယ်ဘောလုံးအသင်းနှင့် ချင်းပြည်နယ်ဘောလုံးအသင်း စသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအသင်းလေးသင်းပါဝင်ကာ ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးမြို့ ဥဿာမြို့သစ်ရှိ တိုင်းဒေသကြီးအားကစားဥယျာဉ်ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြန်မာနိုင်ငံတွင်လက်ခံကျင်းပမည့် (၅၃)ကြိမ်မြောက် ASEAN Banking Council အစည်းအဝေးနှင့် (၂၄)ကြိမ်မြောက် ASEAN Banking Conference တို့နှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး၊ ဘဏ်လုပ်ငန်းကဏ္ဍ၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ် သုံးသပ်ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၀

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် လက်ခံကျင်းပမည့် (၅၃)ကြိမ်မြောက် ASEAN Banking Council အစည်းအဝေးနှင့် (၂၄)ကြိမ်မြောက် ASEAN Banking Conference တို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးဆောင်၍ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ တွေ့ဆုံဆွေးနွေးရာ ASEAN Banking Council အစည်းအဝေးများတွင် ဆွေးနွေးမည့် အကြောင်းအရာများ၊ Panel Discussion ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ASEAN ဒေသအတွင်းရှိ နိုင်ငံများမှ ဘဏ်လုပ်ငန်းပညာရှင်များအား ဖိတ်ကြားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကုန်တွင် မြန်မာနိုင်ငံဘဏ်လုပ်ငန်းကဏ္ဍရှိဖြစ်ပေါ်တိုးတက်မှုများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲအခမ်းအနားကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အမှုဆောင်အရာရှိချုပ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လက်ရှိကျင့်သုံးလျက်ရှိသော ငွေကြေးမူဝါဒကို ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေး၊ မေခရိုစီးပွားရေးညွှန်းကိန်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအရ ဗဟိုဘဏ်၏ ငွေကြေးမူဝါဒအပေါ် ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ မေခရိုစီးပွားရေး အချက်အလက်များ အပါအဝင် စီးပွားရေးတိုးတက်မှုနှုန်းအပေါ် နှိုင်းယှဉ်ချက်များ၊ ပြည်တွင်းအလုပ်လက်မဲ့နှုန်းအခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ငွေကြေးပမာဏ၊ GDP တွင် ဘဏ်လုပ်ငန်းကဏ္ဍ၏ အပ်ငွေ၊ ချေးငွေနှင့် စုစုပေါင်းရရန်ပိုင်ခွင့်များ ပါဝင်မှု၊ ဘဏ်လုပ်ငန်းကဏ္ဍမှ စီးပွားရေးကဏ္ဍများသို့ ချေးငွေများ ထုတ်ချေးထားမှုအခြေအနေနှင့် စည်းမျဉ်းသတ်မှတ်ချက်လိုက်နာမှုအခြေအနေများ၊ ငွေရေးကြေးရေး အားကောင်းခိုင်မာမှုညွှန်းကိန်းများကို သုံးသပ်ဆွေးနွေးသည်။

ယင်းနောက်တက်ရောက်လာသည့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့်စီမံခန့်ခွဲသူများက သက်ဆိုင်ရာဘဏ်အလိုက် ဆောင်ရွက်လျက်ရှိသည့် တိုးတက်မှုအခြေအနေများ၊ Internal Control စီမံထားရှိမှု၊ Risk Management အကောင်အထည်ဖော်မှု၊ ဗဟိုဘဏ်က ထုတ်ပြန်ထားသော စည်းမျဉ်းများ လိုက်နာမှုနှင့် တရားစွဲချေးငွေများ၏ အခြေအနေများ ဆွေးနွေးတင်ပြခဲ့ရာ ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက လုံခြုံစိတ်ချရပြီး ကောင်းမွန်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးရန်၊ ဘဏ်လုပ်ငန်းလုံခြုံမှုနှင့် အောင်မြင်မှုတို့ကို ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်ပြီး ပြဋ္ဌာန်းထားသည့်ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားခဲ့ပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် ဇူလိုင် ၁၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Seal အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ခရမ်းမြို့နယ်၌ ကျေးလက်လမ်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ခရမ်း ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဉာဏ်ကျွန်း-အောင်သာယာတဲတန်း-ကန်ညီနောင် ဆက်သွယ်ရေးလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေကို ယနေ့နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ်



(တည်ဆောက်ရေး)ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံသည့် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ရန်ကုန်တိုင်းဒေသကြီး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)တို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **ခရမ်း(ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသက်(၁၈)နှစ်အောက်အမျိုးသားပြိုင်ပွဲ ဘားအံဇုန် ယှဉ်ပြိုင်မည့်အသင်းများ ကြိုဆိုညှိခံ



**ဘားအံ ဇူလိုင် ၁၀**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈) နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (ဂ) ဘားအံဇုန်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုအသင်းများအား ကရင်ပြည်နယ် ဝန်ကြီးချုပ်က ကြိုဆိုညှိခံသည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ အိမ်ရှင်အဖြစ်ကျင်းပခွင့်ရမှုအပေါ် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုဘောလုံးအသင်းများကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါကြောင်း၊ ကရင်ပြည်နယ်သို့ ရောက်ရှိနေထိုင်စဉ်အတွင်း တိုင်းရင်းသားညီအစ်ကိုများ၏ ချစ်စရာကောင်းသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသွားကြစေလိုကြောင်း၊ ပြိုင်ပွဲဝင်အသင်းများ သွားလာနေထိုင်စားသောက်ရေး ကိစ္စရပ်များကို အစစအရာရာ အဆင်ပြေပြေ စီမံဆောင်ရွက်ထားရှိပါကြောင်းနှင့် စိတ်ချမ်းမြေ့စွာဖြင့် ပြိုင်ပွဲကြီးကို ယှဉ်ပြိုင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အုပ်စု(ဂ)တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မွန်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး လက်ဖက်ရည်ပွဲ(Tea Party)ဖြင့် တည်ခင်းညှိခံကာ တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုယ်စားပြုအားကစားအသင်းများမှ အားကစားသမား၊ နည်းပြ၊ အုပ်ချုပ်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် (၂၅)နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ



**လွိုင်ကော် ဇူလိုင် ၁၀**

၂၀၂၅ ခုနှစ် ကယားပြည်နယ်ဝန်ကြီးချုပ်ဖလား အသက်(၂၅)နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုခြင်းမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်က လွိုင်ကော်မြို့ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဖူဆယ်ဘောလုံး အားကစားရုံ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက် လာကြသူများက တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်တွင် ပြိုင်ပွဲဝင်အသင်းများ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ကစားသမားဆုနှင့် ဂိုးသမားအကောင်းဆုံးဆု ရရှိသည့် အားကစားသမားနှစ်ဦးကို လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တတိယဆုရရှိသည့် အသင်းကိုလည်းကောင်း၊ ပြည်နယ် တရားသူကြီးချုပ်က ဒုတိယဆုရရှိသည့်အသင်းကို လည်းကောင်း တစ်ဦးချင်း ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသည့် ဖူဆယ်ဘောလုံးအသင်းမှ ကစားသမားတစ်ဦးချင်းစီကို ငွေသားဆု၊ ဆုတံဆိပ်နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်<br>(ပြန်/ဆက်)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားတစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦးတို့အား ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့



**နေပြည်တော် ဇူလိုင် ၁၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား တစ်ဦးနှင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး စုစုပေါင်းနှစ်ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့် ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၂၂၄ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၀၀၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သံလွင်မြစ်နှင့် ချင်းတွင်းမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောကတစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မိုးပိုလာနိုင်

**နေပြည်တော် ဇူလိုင် ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# အီသီယိုးပီးယား ကော်ဖီတင်ပို့မှု စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံရရှိ



**အဒစ္စအာဘာဘာ ဇူလိုင် ၁၀**

အီသီယိုးပီးယား နိုင်ငံသည် ကော်ဖီတင်ပို့မှုမှ စံချိန်တင်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၅ ဘီလီယံရရှိခဲ့ကြောင်း အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက် လုပ်ငန်းအာဏာပိုင်အဖွဲ့ (အီးစီတီအေ) က ထုတ်ဖော်ပြောကြားထားသည်။

အီသီယိုးပီးယားနိုင်ငံသည် ဇူလိုင် ၇ ရက်တွင် ကုန်ဆုံးခဲ့သော အီသီယိုးပီးယား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကော်ဖီတန်ချိန် ၄၆၈၉၆၇ တန် တင်ပို့နိုင်ခဲ့ကြောင်း အီးစီတီအေ၏ ဇူလိုင် ၈ ရက် ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အီသီယိုးပီးယား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တင်ပို့နိုင်ခဲ့သော ကော်ဖီတန်ချိန်ပမာဏသည် ယခင်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ၁၇၀၄၇၈ တန် မြင့်တက်လာကြောင်း အဆိုပါအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

အာရေဗီးယားကော်ဖီ၏ မူလအစဟု သတ်မှတ်ခြင်းခံထားရသော အီသီယိုးပီးယားနိုင်ငံသည် အာဖရိက၏ ကော်ဖီထုတ်လုပ်မှုနှင့် တင်ပို့မှု အများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ **ဆင်ဟွာ**

# လော့စ်အိန်ဂျလိစ်၌ လိုဏ်ခေါင်းပြိုကျ ပိတ်မိနေသည့်အလုပ်သမား ၃၁ ဦးကိုကယ်တင်

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၀**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် ဝေလ်မင်တန်ဧရိယာ၌ လိုဏ်ခေါင်းပြိုကျမှုကြောင့် ပိတ်မိနေသည့်အလုပ်သမား ၃၁ ဦးကို ဇူလိုင် ၉ ရက် ညနေပိုင်းတွင် ကယ်တင်လိုက်နိုင်သည်ဟု လော့စ်အိန်ဂျလိစ် မီးသတ်ဌာနက ပြောသည်။

အလုပ်သမားအားလုံးမှာ လိုဏ်ခေါင်းတည်ဆောက်ရေးလုပ်သားများဖြစ်ပြီး ၎င်းတို့အားလုံးကို အသက်ရှင်လျက်ကယ်တင်လိုက်နိုင်ကြောင်း၊ ပျောက်ဆုံးနေသူမရှိကြောင်း မီးသတ်ဌာနက ပြောသည်။

ဝေလ်မင်တန်ရှိ ဖစ်ဂါရိုရာလမ်း၌ ဇူလိုင် ၈ ရက် ည ၈ နာရီက လိုဏ်ခေါင်းပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ကို မီးသတ်အေဂျင်စီက စေလွှတ်ခဲ့သည်။ အဆိုပါအဖွဲ့တွင် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့လည်း ပါဝင်သည်။

အေဂျင်စီ၏ပြောကြားချက်အရ ရေဆိုးစီမံခန့်ခွဲရေးအတွက် ဆောက်လုပ်ဆဲလိုဏ်ခေါင်းအတွင်း ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ပြိုကျမှုဖြစ်ပွားရာနေရာမှာ တောင်ဘက်ထွက်ပေါက်နှင့်ငါးမိုင်မှ ခြောက်မိုင်ခန့်အကွာတွင် ရှိသည်။ အဆိုပါနေရာသည် ကယ်ဆယ်ရေးသမားများအတွက် တစ်ခုတည်းသော ဝင်ပေါက်လည်းဖြစ်သည်။ **ဆင်ဟွာ**



ပါကစ္စတန်နိုင်ငံ၌ ရေကြီးမှုကြောင့် ကယ်ဆယ်ရေးသမားများက ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးစဉ်။

# ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးမှုကြောင့် လူပေါင်း ၉၀ ထက်မနည်း သေဆုံး၊ ၁၅၇ ဦးဒဏ်ရာရ

**အစ္စလာမ္မာဘတ် ဇူလိုင် ၁၀**

ပါကစ္စတန်နိုင်ငံတစ်ဝန်း မုတ်သုံမိုးရွာသွန်းပြီး ရေကြီးမှုကြောင့် လူပေါင်း ၉၀ ထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူ ၁၅၇ ဦး ရှိကြောင်း နိုင်ငံ၏ဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရေကြီးမှုကြောင့် သေဆုံးသူ သုံးဦးရှိပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း (အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ထုတ်ပြန်ထားသည်။

ပန်ဂျပ်ပြည်နယ်တွင် ရေကြီးမှုကြောင့် သေဆုံးသူ ကလေး ၁၈ ဦး အပါအဝင် ၃၂ ဦးရှိ၍ သေဆုံးမှုအများဆုံးဖြစ်ကြောင်း၊ ယင်းနောက် ခိုင်ဘာပခ်ီတွန်ခွာပြည်နယ်၌ သေဆုံးသူ ၃၀ ရှိကြောင်း သိရသည်။

အလားတူ ပန်ဂျပ်ပြည်နယ်၌ ဒဏ်ရာရရှိသူအရေအတွက်မှာလည်း အများဆုံး ၈၃ ဦးရှိပြီး ဆင်းဒ်ပြည်နယ်၌ ၃၄ ဦးနှင့် ခိုင်ဘာပခ်ီတွန်ခွာ ပြည်နယ်၌ ၃၂ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ အနောက်ပိုင်း၌ တံတားကျိုးကျမှုကြောင့် ၁၁ ဦးခန့်သေဆုံး

**နယူးဒေလီ ဇူလိုင် ၁၀**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ မြစ်ကူးတံတားတစ်စင်း ကျိုးကျမှုဖြစ်ပွားခဲ့ရာ ၁၁ ဦးခန့် သေဆုံးခဲ့သည်ဟု သိရသည်။

အဆိုပါတံတားသည် ဇူလိုင် ၉ ရက် နံနက်ပိုင်းက ရုတ်တရက်ကျိုးကျခဲ့ပြီး ခြောက်စီးခန့် မြစ်ထဲပြုတ်ကျသွားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း ဒေသတွင်းမီဒီယာတွင် ဖော်ပြထားသည်။ တံတားကျိုးကျမှုကြောင့် မြစ်ထဲထိုးကျသွားသော မိသားစုကားအတွင်းမှ အမျိုးသမီး တစ်ဦးကိုသာ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါတံတားကိုလွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ခန့်က စတင်တည်ဆောက်ခဲ့သည်။ တံတားကျိုးရခြင်းအကြောင်းရင်းကို အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



တံတားကျိုးကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေမှုကို တွေ့ရစဉ်။

# အင်ဒိုနီးရှား ဘာလီရေလက်ကြား သင်္ဘောနစ်မြုပ်မှုမှ သေဆုံးသူပေါင်း ၁၅ ဦးရှိလာ

**ဂျကာတာ ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံ ဘာလီရေလက်ကြားတွင် ခရီးသည်တင်သင်္ဘောနစ်မြုပ်မှုမှ သေဆုံးသူပေါင်းမှာ ဇူလိုင် ၁၀ ရက်အထိ ၁၅ ဦးရှိလာကြောင်း ဒေသတာဝန်ရှိသူတစ်ဦးက ပြောသည်။ ပျောက်ဆုံးနေသူ ၂၀ ကိုလည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။



ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ရုပ်အလောင်းနှစ်လောင်းနှင့် ဇူလိုင် ၉ ရက် ညနေပိုင်းတွင် ရုပ်အလောင်းတစ်လောင်း ထပ်မံတွေ့ရှိသည့်အတွက် သေဆုံးသူပေါင်း ၁၅ ဦးရှိလာခြင်းဖြစ်ကြောင်း အရှေ့ဂျာဗားပြည်နယ် ရှာဖွေရေးနှင့်ကယ်ဆယ်ရေးရုံး အကြီးတန်းအရာရှိ နီဗီတာ နီရ်မာလာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါခရီးသည်တင်သင်္ဘောသည် အရှေ့ဂျာဗားပြည်နယ် ဘန်ယူဝီဂီခရိုင်ရှိ ကေတာပန်ဂ်ဆိပ်ကမ်းမှ ဘာလီကျွန်း ဂျန်ဘရာနာခရိုင်ရှိ ဂီလီမာနုခ်ဆိပ်ကမ်းသို့ ဦးတည်ခုတ်မောင်းစဉ် ဇူလိုင် ၂ ရက်က နစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း ဇွန်လအတွင်း ၈ ဒသမ ၂ ရာခိုင်နှုန်းရှိလာ

**အူလန်ဘာတာ ဇူလိုင် ၁၀**

စားသုံးသူဈေးနှုန်းအညွှန်းကိန်း (စီပီအိုင်) ဖြင့် တိုင်းတာသည့် မွန်ဂိုလီးယားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ဇွန်လအတွင်း ၈ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း အမျိုးသားစာရင်းအင်းရုံး (အင်န်အက်စ်အို)က ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါကိန်းဂဏန်းမှာ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၆ ရာခိုင်နှုန်းတိုးလာပြီး ပြီးခဲ့သည့်လနှင့် နှိုင်းယှဉ်ပါက ၀ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း အင်န်အက်စ်အိုက ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၅ ခုနှစ်အတွင်း ၆ ဒသမ ၆ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ၊ ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများပေးအပ်ပွဲ တက်ရောက်၊ ငလျင်ဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ မြန်မာ့ရိုးရာခြင်းလုံး သရုပ်ပြကစားနေမှုကို ကြည့်ရှုအားပေးကာ သရုပ်ပြခတ်ကစားသည့် အဖွဲ့ကို ချီးမြှင့်ငွေပေးအပ်ပြီး မြန်မာ့ရိုးရာသိုင်းအဖွဲ့ကို တွေ့ဆုံ၍ အားပေးစကားပြောကာ ချီးမြှင့်ငွေပေးအပ်သည်။



မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် သွားနှင့်ခံတွင်း ရောဂါအထူးကုဆေးရုံကြီး၌ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနနှင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော သက်ကြီးပုဂ္ဂိုလ်များအား သွားတု(အံကပ်) တပ်ဆင်ခြင်းအခမ်းအနားသို့ တက်ရောက်၍ သက်ကြီးပုဂ္ဂိုလ်များအား သွားတု(အံကပ်) တပ်ဆင်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် ဆေးရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာဝန်များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်ကြီးသို့ သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရင်ပြင်တော်၊ ပစ္စယာနှင့် ပရိဝုဏ်များကို ပြန်လည်ပြုပြင်မွမ်းမံနေမှုအခြေအနေနှင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေ၊ Cement grouting နှင့် Soil stabilization ဆောင်ရွက်နေမှု၊ မူလရင်ပြင်တော် ကြမ်းခင်းအား တူးထုတ်ပြင်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်နေသော တပ်မတော်သားများအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရာဇဌာနီလမ်းမကြီး၊ ရာဇသင်္ဂဟလမ်းမကြီးနှင့် ဇေယျဌာနီလမ်းမကြီးများသို့သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC) ခင်းကျင်းနေမှု (ဝဲပုံ)၊ ဥတ္တရသီရိရေလှောင်တမံ၊ ယာယီရေတားတမံ ဆောင်ရွက်ထားရှိမှုနှင့် ရေထုတ်ပြွန် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ၌ မိုး၊ ဆောင်း၊ နွေရာသီပြည့် သီးနှံများစိုက်ပျိုးရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေအစီအစဉ်ဖြင့် သွင်းအားစုများ ပေးအပ်ပွဲသို့ တက်ရောက်၍ နေပြည်တော်ကာင်စီဥက္ကဋ္ဌက တောင်သူများအား သွင်းအားစုများ ပေးအပ်ကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## ချောက်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

ချောက် ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ချောက်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ချောက်ခရိုင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ "အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း" Never Stop Learning Talk Show အစီအစဉ်ကို ကျင်းပရာ စာရေးဆရာမ ခင်ဆွေ ဦးရေးသားသည့် "အင်ကြင်းရဂုံ" ဝတ္ထုအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသူ လေးဦးက အင်ကြင်းရဂုံ စာအုပ်အပေါ် စာအုပ်၏ အနှစ်ချုပ်၊ အားနည်းချက်၊ အားသာချက်များ၊ စာအုပ်အား ဖတ်ရှုခြင်းဖြင့် ရရှိလာသည့်အကျိုးကျေးဇူးများ၊ စာအုပ်တွင် ပါဝင်သည့် ဇာတ်ကောင်စရိုက်များကို စကားဝိုင်းဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ကြသည်။



Never Stop Learning Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခြေခံပညာ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများနှင့် "အမြဲမပြတ်လေ့လာသင်ယူရေး စကားဝိုင်း" ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် လှုပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကလေးမြို့၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (အခြေခံ / အဆင့်မြင့်) လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ကလေး ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ (အခြေခံ/ အဆင့်မြင့်) လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြေ့အောင်စည် ရပ်ကွက် နယ်မြေ(၉)၊ မိုးလင်းရှောင်စောန်းဘုရားကျောင်း၌ ကျင်းပသည်။



ဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်နှင့် ပေါင်ကျင့်ဟောက်ပါရှန်စောန်းတမန်တော်မြတ် မိုးလင်းရှောင်စောန်း ဆရာတော်ကြီးတို့က အမှာစကား ပြောကြားခဲ့ပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသူတစ်ဦးအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ခဲ့ပြီး ပေါင်ကျင့်ဟောက်ပါရှန်စောန်းအသင်းတော်မှ ယဉ်ကျေးမှုအဖွဲ့က ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

*ကျောဖုံးမှ

တုံ့ပြန်ကစားနိုင်ခြင်း မရှိခဲ့ပေ။ ပွဲကစားချိန် အများစုတွင်လည်း ပီအက်စ်ဂျီအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ဟန့်တားကာကွယ်ခဲ့ရသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခင်ပုံစံဟောင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များအပါအဝင် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက် အများဆုံးသွင်းဂိုးလေးဂိုးအထိ ခွင့်ပြုပေးခဲ့ရခြင်းလည်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို ဖေဘီယန်ရှူးစ်၊ ဒမ်ဘီလီနှင့် ရာမို့စ်တို့က သွင်းယူပေးခဲ့သည်။

ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းကို ဂိုးပြတ်အနိုင်ယူ ကျော်ဖြတ်နိုင်ခဲ့သော ပီအက်စ်ဂျီအသင်းသည် ဗိုလ်လုပွဲတွင် ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ချယ်ဆီးနှင့် ပီအက်စ်ဂျီအသင်းတို့၏ ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို လာမည့် ဇူလိုင် ၁၄ ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်ရှိ မက်လိုက်ဖ်အားကစားကွင်းတွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

❐ ကျောဖုံးမှ

အနိုင်ဂိုးများကို ၄၊ ၅၅၊ ၆၉ မိနစ်တွင် ခန့်ဘုန်းနိုင်က ဟက်ထရစ်နှင့် ခုနစ်မိနစ်တွင် ဇင်ဖြိုးပိုင်တို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးများကို ၃၅ မိနစ်တွင် ရဲလင်းဦး၊ ၇၃ မိနစ်တွင် အောင်အောင်ဖြိုးတို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် သစ္စာအားမာန်အသင်းက ၁၃ ပွဲကစား ၂၂ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၃ ပွဲကစား ငါးမှတ် ရရှိထားသည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှေ့ဂတီယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ ရှေ့ဝတီယူနိုက်တက်အသင်းသည် ဂိုးပြတ်ရလဒ်ဖြင့် အနိုင်သုံးမှတ်ရယူနိုင်ခဲ့ပြီး ၁၀၊ ၄၅+၁၊ ၈၃ မိနစ်တွင် ဝိုင်းထက်ပိုင်၊ ၅၅၊ ၈၇ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူသည်။ ယခုပွဲအပြီးတွင် ရှေ့ဂတီယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၁၈ မှတ်၊ Dagon Port အသင်းက ၁၃ ပွဲကစား တစ်မှတ် ရရှိထားသည်။

**ညီမြတ်သော်တာ**

### ၁၀ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနား တက်ရောက်

မကွေး ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သဘော်ဆိပ်ကျေးရွာတွင် ရေဘေးသဏ္ဍာန်တူ သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က အမှာစကားပြောကြားသည်။



ဆက်လက်၍ သရုပ်ပြလေ့ကျင့်နေမှုများဆောင်ရွက်ရာတိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ ပူးပေါင်းအဖွဲ့များဖြစ်သော လုပ်ငန်းအဖွဲ့အသီးသီးနှင့် အဖွဲ့အစည်းများက သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက လိုက်လံသတိပေးနှိုးဆော်ခြင်း၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်း၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြု ပစ္စည်းများဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့် ရွာသူရွာသားများအား ရှာဖွေကယ်ဆယ်ခြင်း၊ ကျေးရွာရှိ ထိခိုက်လွယ်သော သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များကိုသယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ လှေတိမ်းမှောက်ပြီး ရေနစ်သူနှစ်ဦးအား ကြက်ခြေနီအဖွဲ့က ရှေးဦးသူနာပြုစုခြင်းဖြင့် အသက်ကယ်ဆောင်ရွက်ပြီး လူနာနှစ်ဦးအား ပိုမိုစိတ်ချရသည့် ဆေးရုံသို့ ပို့ဆောင်ခြင်းများ၊ အသက်ကယ်အင်္ကျီဝတ်ဆင်ပုံနည်းများ၊ သဘာဝဘေးဒဏ်ခံရသည့် လူနာများအား ရှေးဦးသူနာပြုစုနည်းများဖြင့် ကုသခြင်း၊ မြစ်ရေကြီးမြင့်လာပါက နီးစပ်ရာအရေးပေါ်စခန်းများသို့ ရွှေ့ပြောင်းရန် သရုပ်ပြလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ကျေးရွာသူ ကျေးရွာသားများအား အချိုရည်၊ မုန့်၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(မြန်/ဆက်)




## “ရောင်တော်ဖွင့်” ဓမ္မပူဇာတေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၀

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ “ရောင်တော်ဖွင့်” ဓမ္မပူဇာတေးဂီတ ဖျော်ဖြေပွဲကို ဇူလိုင် ၁၁ ရက်(သောကြာနေ့) ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံဆိုင်းဝိုင်းကြီးနှင့် မြန်မာ့အသံတေးဂီတအဖွဲ့၏ တွဲဖက်တီးခတ်မှုနှင့်အတူ နာမည်ရ တေးသံရှင်များဖြစ်ကြသည့် ဝိုင်းလမင်းအောင်၊ စိုးထက်အောင်၊ ဇော်ထွေးလတ်၊ မိုးသောက်ကြယ်၊ ဖြိုးဗိုလ်ဗိုလ်၊ မို့မို့ကျော်လွင်၊ မေ့ချစ်သက်၊ ထက်ထက်စိုးစံ၊ ရွှေရုပ်လေးနှင့် စုလဲ့ဝင်းတို့က ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာများ ဝါတွင်းကာလ သီတင်းသုံးအားထုတ်ကြပုံ၊ မိဘပြည်သူများ၏ ကောင်းမှုကုသိုလ်ပြုမှုများ လွှမ်းခြုံနေပုံ စသည့်ဝါတွင်းကာလမြင်ကွင်းများကို ချီးကျူးပူဇော်ကန်တော့သည့် ဓမ္မပူဇာတေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

“ရောင်တော်ဖွင့်”ဓမ္မပူဇာတေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်းဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇူလိုင် ၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဗန်းမော်တက္ကသိုလ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ဗန်းမော် ဇူလိုင် ၁၀

ကချင်ပြည်နယ် ဗန်းမော်တက္ကသိုလ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက ဗန်းမော်တက္ကသိုလ် ငွေရောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး ဗန်းမော်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ နန်းစန်းကေသီက အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ အမျိုးသားရေးလှုပ်ရှားမှုနှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများကို အသိပညာပေးဟောပြောခဲ့ပြီး (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။



ခရိုင်(မြန်/ဆက်)

## ဒလမြို့နယ် ဇုန်(၁၀)ရေပေးဝေရေးစီမံကိန်း၊ ရေပေးဝေရေးရုံးသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ဒလ ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ရန်ကုန်ပေါက်ကျေးရွာရှိ ရန်ကုန်ပေါက်ရေပေးဝေရေး စခန်း ဒလမြို့နယ်ရှိ ဇုန်(၁၀) ရေပေးဝေရေးစီမံကိန်းနှင့် ရေပေးဝေရေးရုံးများသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဒလမြို့နယ်သို့ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။



ဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန တွံတေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုနန္ဒာလင်းနှင့် တာဝန်ခံ ဦးတိုးတိုးအောင်(AE)တို့က ရန်ကုန်ပေါက်ရေပေးဝေရေးစခန်းမှ ဒလမြို့နယ်ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရန် ရေအဆင့်ဆင့်သန့်စင်ပုံနှင့် ရေပေးဝေမှုတို့အား ရှင်းလင်းပြောကြားသည်။ ထို့နောက် တွံတေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်ရွယ်နှင့် တာဝန်ရှိသူများက ရေသန့်စင်စက်ရုံနှင့် ရေသိုလှောင်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ဒလမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုထွေးနှင့် အဖွဲ့ဝင်များ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာများက ဒလမြို့နယ် ဇုန်(၁၀) ရေပေးဝေရေး စီမံကိန်းရေလှောင်ကန်နှင့် ရေပေးဝေရေးစခန်းသို့သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ခင်စန္ဒာမြင့်(မြန်/ဆက်)

## ကျောက်တံတားမြို့နယ်၌ သွားနှင့်ခံတွင်းရောဂါများဖြစ်ပွားမှုမှ ကင်းဝေးစေရန် ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်းရှိ မူလတန်းအရွယ် ကျောင်းသား ကျောင်းသူများတွင် သွားနှင့်ခံတွင်းရောဂါများ ကင်းဝေးစေရန် ရည်ရွယ်၍ နေ့လယ်စာစားပြီး သွားတိုက်ခြင်းလှုပ်ရှားမှု အစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (သွားကျန်းမာ)ဒေါက်တာကွန်စတင် ဦးဆောင်သော အနောက်ပိုင်းခရိုင် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ ဆရာဝန်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးအဖွဲ့၊ မြို့နယ်ပညာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးဦးဆောင်သော ပညာရေးဝန်ထမ်းများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောစုမြိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်း၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားတစ်ချောင်းနှင့် သွားဖုံးသားဖွဲ့စည်းတည်ဆောက်ထားပုံ၊ သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ သွားပိုးစားရောဂါဖြစ်ပွားလာပုံနှင့် နောက်ဆက်တွဲဖြစ်စဉ်များ၊ စနစ်မှန်သော သွားတိုက်နည်းအကြောင်းများကို ရှင်းလင်းပြောကြား၍ သွားတိုက်နည်းကို သရုပ်ပြပုံနှင့်တကွ လက်တွေ့သရုပ်ပြပေးကြသည်။

ကျော်ဆန်းမြင့်(မြန်/ဆက်)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၀

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၃၄၁၅၃၄)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၃၃ လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၄၂၈၀၃၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇၇၇၆၉၅၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၈ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၃၀၁၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၃၈ တန်၊ သစ်မာ ၁ ဒသမ ၁၅၈ တန်၊ အခြားသစ် ၁ ဒသမ ၉၀၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၆၅၀၀၇ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။







သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

အလားတူ ဇူလိုင် ၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ခုနစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၃၅ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၉၇၃၆၀၇၁)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “အာရီး” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် သံဖြူရုံကျေးရွာနေ စိုးမင်းနိုင်(ခ)အာရီးအား ညနေ ၃ နာရီ ၅ မိနစ်တွင် ခမုံနယ်မြေရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ် ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၁ ဒသမ ၉၆၉၆ တန်၊ သစ်မာ ၁ ဒသမ ၀၁၆၆ တန်၊ အခြား ၁ ဒသမ ၃၇၀၀ တန် စုစုပေါင်း ၄ ဒသမ ၃၅၆၂ တန် ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀** – နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက် ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တောင်ကြီးမှ ရန်ကုန်သို့ ဇင်ကိုဦး မောင်းနှင်ပြီး အောင်မင်းသူ လိုက်ပါလာသော NISSAN ၁၂ ဘီး မော်တော်ယာဉ်အား သတင်းအရ စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း (၎င်းဒေသ ကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၀၇ ဘီလီယံ) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်ခိုင်းသူ စိန်ကျော်ဝင်း အား ဇွန် ၂၇ ရက် ည ၁၀ နာရီတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၄)ရှိ ၎င်း၏နေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို တောင်ကြီးမှ ရန်ကုန်သို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

သတင်းစဉ်




တရားခံ စိန်ကျော်ဝင်း၊ အောင်မင်းသူ(ခ)ခန့်ပိုင်နှင့် ဇင်ကိုဦး(ခ)မဲကြီးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဖျာပုံမြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ဖျာပုံ ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ အခွန်ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီး အခွန်ဦးစီးမှူး ဦးညီညီလှိုင်က အခွန်အမျိုးအစားများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းရာ တိုင်းဒေသကြီး အခွန်ဦးစီးမှူးက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**



## မိုင်းပန်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**မိုင်းပန် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ကျောင်းကျန်းမာရေး စစ်ဆေးဆောင်ရွက်ပေးခြင်းကို အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာနိုင်လင်းထွန်းက စိတ်ကိုပြောင်းလဲစေသော မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းကို ရှင်းလင်းဟောပြောပြီး သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာသန်းနိုင်က သွားဘက်ဆိုင်ရာကျန်းမာရေးနှင့် သွားတိုက်ပုံတိုက်နည်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား မျက်စိစစ်ဆေးပေးခြင်း၊ အိမ်သုံးဆားတွင် အိုင်အိုဒင်းဓာတ်ပါဝင်မှု စစ်ဆေးပေးခြင်း၊ အထွေထွေရောဂါစစ်ဆေးပေးခြင်းနှင့် ပျိုဖော်ဝင် ကိုးနှစ်နှင့်အထက် မိန်းကလေးငယ်လေးများအား ရာသီသွေးအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာချီလိတ်မြို့နယ် မယ်လိတ်ပါကော်ခေတ်မီစံပြကျေးရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် ဝန်ထမ်းများက ယနေ့ နံနက်ပိုင်းတွင် မယ်လိတ်ပါကော်ခေတ်မီစံပြကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံပြီး ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေး ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဦးဆောင်၍ အဆိုပါကျေးရွာများရှိ ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်းကာ ကျေးရွာအဝင်ရှိ ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျေးရွာတွင်း စွန့်ပစ်အမှိုက်များကို စုပေါင်းကောက်ယူခြင်းများ ဆောင်ရွက်ပြီး သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်နေရာများတွင် စနစ်တကျစွန့်ပစ်ကြသည်။

အဆိုပါ စုပေါင်းအမှိုက်ကောက်ပွဲတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖ အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**



## မိုင်းဖြတ်မြို့နယ်၌ ကျေးရွာငါးရွာ ဆက်သွယ်နိုင်မည့် ကျောက်ချောလမ်းဖောက်လုပ်

**မိုင်းဖြတ် ဇူလိုင် ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက အိုက်လုံ-အိုက်ငို့လမ်းအား ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ) ဒေါ်စိမ်းစိုစိုဝေက လုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းများ အချိန်မီဆောင်ရွက်ပြီးစီးရေး၊ အရည်အသွေး ပြည့်မီရေးနှင့် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကို ညှိနှိုင်းဆွေးနွေးသည်။



အဆိုပါ ကျောက်ချောလမ်းကို မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၂၀၀ ဖြင့် လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထုခြောက်လက်မရှိ ကျောက်ချောလမ်းဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက ဟာကြားဟုန်၊ ဝမ်ပိန်း၊ ဟကြားဒီပ(ပေါ်)၊ ဟကြားဒီပ (အောက်)၊ ဟကြားမုဒိကျေးရွာများမှ အိမ်ခြေ ၂၈၀ လူဦးရေ ၁၁၂၀ တို့အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

## ကျောက်တန်းမြို့၌ ငလျင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ကျောက်တန်း ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့ (မြို့မ) အခြေခံပညာ အလယ်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ငလျင်ပုံစံတူသရုပ်ပြလေ့ကျင့်ခြင်းပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်က အမှာစကားပြောကြားပြီး မီးသတ်စခန်းမှူး ဦးကျော်သူရမျိုးက ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးနှင့် ကြက်ခြေနီခရိုင်တပ်ဖွဲ့မှူး (တာဝန်) ဦးအောင်ကျော်ဦးနှင့်အဖွဲ့က ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

အဆိုပါ လက်တွေ့သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးသန္တာထွန်းနှင့်အဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြည့်ရှုအားပေးကြသည်။

**၂၀၉**

## ပူတာအိုမြို့နယ်၌ လမ်း၊ တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပူတာအို ဇူလိုင် ၁၀**

ပူတာအိုခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ ပူတာအိုခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းသန့်အောင်သည် တာဝန်ခံအင်ဂျင်နီယာ ဦးသော်ဇင်ဦးနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်းပေါင်း ၈၉ ဒသမ ၅၂ သန်းဖြင့် ဆောင်ရွက်သည့် ပူတာအိုမြို့နယ် ဝါးဆားကျေးရွာနှင့် လုံမူဒမ်း (၂) ကျေးရွာချင်း ဆက်သွယ်ထားသော လမ်းပေါ်ရှိ



နမ့်ပလန့်ချောင်းကူးကြိုးတံတား အရှည်ပေ ၂၀၀ နှင့် အကျယ် ခြောက်ပေချောင်းကူးကြိုးတံတား တည်ဆောက်ခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ရေးလုပ်ငန်း ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် သန်းပေါင်း ၄၆၀ ဒသမ ၄၃၈ သန်းဖြင့် ပူတာအိုမြို့နယ် နမ်ရှယ်ရိုးဒီကျေးရွာနှင့် နမ်ရှယ်ဇွပ်ကျေးရွာ ဆက်သွယ်လမ်းအရှည်တစ်မိုင် တစ်ဖာလုံကို သဲကျောက်လမ်းခင်းခြင်းလုပ်ငန်းကို JSJ ကုမ္ပဏီက တည်ဆောက်ရေး လုပ်ငန်း ၁၅ ရာခိုင်နှုန်း ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

**ဖုန်ကန်(ပူတာအို)**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို ဇူလိုင် ၁၀ ရက်က အမှတ်( ၁၂) ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်စဉ်။ လှလှထွေး(ပြန်/ဆက်)

# စင်ကာပူ တာတိုဖလား ကနူး / ကယက် လှေလှော်ပြိုင်ပွဲ (2025 Singapore Sprint Cup ) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလှေလှော်အားကစားအဖွဲ့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၀**



စင်ကာပူနိုင်ငံ၌ ဇူလိုင် ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် ၂၀၂၅ ခုနှစ် စင်ကာပူတာတိုဖလား ကနူး / ကယက် လှေလှော်ပြိုင်ပွဲ (2025 Singapore Sprint Cup) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ ကနူး / ကယက် လှေလှော်အားကစားအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာသွားရာ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ကျော်ရဲဟိန်း ဦးဆောင်၍ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားစုစုပေါင်း ၁၁ ဦး လိုက်ပါသွားကြသည်။

ယင်းပြိုင်ပွဲ၌ အိမ်ရှင်စင်ကာပူ၊ မြန်မာ၊ တရုတ်(တိုင်ပေ)၊ မလေးရှား၊ သြစတြေးလျနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ်(၂၃)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းရုံး၌ ကျင်းပသည်။ (ဓာတ်ပုံ)



ဦးစွာ ကျောက်တံတားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာများ မျှဝေပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ၁၅၀တက်ရောက်လေ့လာကြပြီး သင်တန်းဆင်းလက်မှတ်များအား တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ပေးအပ်ချီးမြှင့်ခဲ့သည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပြည်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ပြိုင်ပွဲများကျင်းပ

**ပြည် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲများကို ယနေ့နံနက်က ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲများ၌ ပြည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများအပါအဝင် အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ကျပန်းစကားပြောပြိုင်ပွဲတွင် ၁၉ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ၂၆ ဦး၊ ပုံပြောပြိုင်ပွဲတွင် ၃၃ ဦးနှင့် စာစီစာကုံးပြိုင်ပွဲတွင် ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါ ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲများအလိုက် ပါဝင်ယှဉ်ပြိုင်နေမှုနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။ **ကိုဆက်(ပြန်/ဆက်)**

# ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ခုခံအားနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးဌာန ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)



ယင်း အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်က ဆောင်ရွက်ပြီး အသင်း၏လုပ်ငန်းဆောင်ရွက်မှု၊ အသင်းသားများအပေါ် အသင်းမှ ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ မင်္ဂလာတောင်ညွန့်မြို့နယ်ဦးစီးအရာရှိက သမအသင်းဥပဒေ၊ နည်းဥပဒေနှင့်အမှုဆောင်များ အသင်းတိုးတက်ရေးဆောင်ရွက်ရန်တို့ကို ဆွေးနွေးပြီး အမှုဆောင်နှစ်ဦးက နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးသို့ တင်သွင်းသည့် ဒါရိုက်တာအဖွဲ့အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ် အစီရင်ခံစာတို့ကို ဖတ်ကြားရှင်းလင်းခဲ့ကာ အစည်းအဝေး တက်ရောက်လာကြသည့် အသင်းသားများအား စုဆောင်းငွေပေါ် အတိုး၊ အစုပေါ် အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



# ပန်းတောင်းမြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ပန်းတောင်း ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြည်ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ဘွေကျေးရွာနယ်မြေခံတပ်ရင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးဖြိုးအောင်က သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင်တန်းသူများအား သင်တန်းတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းတွင် ဘက်စုံသုံး၊ အဝတ်လျှော်၊ လျှော်မွှေး၊ ရေချိုးဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲအမျိုးမျိုးထုတ်လုပ်နည်းတို့ကို စာတွေ့လက်တွေ့ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လပွတ္တာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမျိုးမြင့် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်အရာရှိ ၁၄ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၄၅ ဦးတို့က လပွတ္တာမြို့နယ် (၃)မိုင်မြို့ ခုတင်(၂၀၀)ဆံ့ဆေးရုံဝင်းအတွင်း ဇူလိုင် ၇ ရက်က ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



ဇူလိုင် ၁၀ ရက်က စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် (၃)ဖြင့် ကွင်းဆင်း၍ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊
သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဆိုင်းထွယ်အောင် ၁/ကမန(နိုင်)၀၄၉၉၁၈ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၅၆၄၈၈၅၇

## အမည်မှန်

ဦးခင်မောင်ထွေး၏သား မြစ်ကြီးနားမြို့၊ အထက(၇) Grade-7မှ မောင် S မုန်ဆန်၏ အမည်မှန်မှာ မောင်မုန်ဆန် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ Moorlands ကိုယ်ပိုင်အထက်တန်းကျောင်း Grade-5(C)မှ မငြိမ်းမြလှိုင်(ခ)မအမောလေးမှာတစ်ဦးတည်းဖြစ်၍ ၎င်း၏ ဖခင်အမည်မှန်မှာဦးစိုင်းမြမောင် ၁၃/သပန(နိုင်)၀၃၆၆၃၆ ဖြစ်ပါကြောင်း။

## နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ (၃)လမ်း၊ ( ယ-၇/၄၄)နေ ဦးအောင်စည်မွန်မျိုး(ဘ)ဦးမျိုးညွန့် ၉/ပမန(နိုင်) ၁၅၇၄၅၀၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ် မိတ်ဆွေ ဦးအောင်စည်မွန်မျိုး (ဘ) ဦးမျိုးညွန့် ၉/ပမန(နိုင်) ၁၅၇၄၅၀နှင့် ဒေါ်ခိုင်ဥဆွေ(ဘ)ဦးကျော်အေးဆွေ ၉/ခအဇ(နိုင်) ၀၂၆၈၈၉တို့သည် (၁၉-၃-၂၀၂၅)ရက်တွင် အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်း ခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်စည်မွန်မျိုး**
**၉/ပမန(နိုင်)၁၅၇၄၅၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၃၉)**
**စစ်တောင်းလမ်းနှင့်စွယ်တော်လမ်းထောင့်၊**
**ပုဗ္ဗသီရိမြို့နယ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5S/2202 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၉၄၈)၊ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဦးဂျူလိုင်အောင်အောင် (ဘ)ဦးခင်ဝင်း ၁၄/ပသန(နိုင်)၁၈၁၉၄၇ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးဂျူလိုင်အောင်အောင်မှ ဦးမင်းထွန်းဝင်း (ဘ)ဦးစောလစ်အိ(ခ)လေးမောင် ၁၂/လမန(နိုင်)၀၀၈၄၄၃နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ် (၈၂၄)၊ မြေအကျယ်အဝန်း (အလျား ၄၀ပေxအနံ ၆၀ပေ)ရှိ ဒေါ်မာရီ(ဘ)ဦးဝရဝရီ မြေချစလစ်အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မာရီက မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက၊ ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက၊ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် (B.A(ECO)H.GP) အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)၊**
**အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊(၁၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၅၅၃၁၈၄၅၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃၂-ဘီ/ပျဉ်းမပင်မြောက်)၊ မြေကွက် အမှတ်(၉)၊ နဝရတ်လမ်းမကြီး၊ ပုလဲ(၃)ရပ်ကွက်၊ (၆၀ x ၆၀) ပေအကျယ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုလက်ရှိ ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်နှင်းနုအောင် (၁၂/ရပသ(နိုင်)၀၄၈၆၉၉)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးထွန်းထွန်း(၁၃/ကလန(နိုင်)၀၁၂၄၉၆) ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်သက်မွန်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၀၆၀၅/၂၀၁၅)**

**ဦးသုထက်ကျော်လွင်**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၉၅၀၂/၂၀၁၈)**

**တိုက် (၄)၊ အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃၊ ၀၉ - ၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ် (ဒ-၂၃)၊ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဒေါက်တာ မင်းကိုကို (ဘ)ဦးအောင်မြင့် ၁၂/မဂတ(နိုင်)၀၇၂၉၂၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါက်တာမင်းကိုကိုထံမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၉၇/၂၀၂၃)၊ (၁၁-၁-၂၀၂၃)ရရှိထားသူ ဒေါ်ခင်ညိုစန်း (ဘ)ဦးဆန်းလှိုင် ၉/လဝန(နိုင်) ၀၆၇၇၂၀မှ ဦးကျော်စွာဝင်း (ဘ)ဦးပန်းလှိုင် ၉/လဝန(နိုင်)၀၆၇၆၉၃နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန် ကြေညာခြင်း

နောင်ခမ်းကြီးကျေးရွာ၊ရပ်ကွက်(၂၀)၊ ပြင်ဦးလွင်မြို့၊ ဦးအောင်ဟိန်းကိုကိုမှ (၁)အေးချမ်း၊ (၂)ရတီ၊ (၃) အာရောဂျန်၊ (၄) ရွှေ၊ (၅) ထွန်းတောက်အမည်(၅)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ တစ်ဝန်းတွင်ရှိသော သောက်ရေသန့် စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းဦးအောင်ဟိန်းကိုကိုထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမပြုပါက သတင်းစာ ကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ဟိန်းကိုကို**
**၁၄/ညတန(နိုင်)၁၅၇၃၄၁**
**နောင်ခမ်းကြီး၊ ကျေးရွာရပ်ကွက်(၂၀)၊ ပြင်ဦးလွင်၊**
**ဖုန်း-၀၉-၂၀၄၄၅၉၇၊ ၀၉-၉၄၆၆၃၅၄၅၅**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ရွှေဇီးကုံဘုရားအကွက်၊ ဦးပိုင်အမှတ်(၅၅-က)၊ မြေဧရိယာ(၀ဒသမ၂၀၇)ဧကရှိ မြို့မြေ(B) သည် အင်းစိန်မြို့နယ်၊ အိမ်အမှတ်(၁၁၃၉-B)၊ ဦးထွန်းစိန်ကုန်းလမ်း၊ တောင်သူကုန်းနေ ဦးစောကော်ခိုမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၄၁၇၄၉, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးနေနိုင်ထွေး ၉/မနတ(နိုင်) ၀၉၆၇၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/18714, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီဝင်း ၁၀/မလမ(နိုင်)၂၀၂၂၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မင်္ဂလွန်းကျေးရွာ၊ မြောက်ဘက်ကမ်းနေ ဦးတင်နိုင် ၁၂/ကတန(နိုင်)၀၈၆၉၂၀နှင့် ဒေါ်ယဉ်မိုးခိုင် ၁၂/ကတန(နိုင်) ၀၇၇၆၀၂တို့၏သား မောင်မိုးသုခ ၁၂/ကတန(နိုင်) ၁၅၁၆၆၇သည် မိဘများ၏ ဆိုဆုံးမမှုကို လက်မခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ပါ။

**မိဘ -ဦးတင်နိုင်-ဒေါ်ယဉ်မိုးခိုင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးတင်ဦး ၁၄/ပသန(နိုင်) ၀၆၃၆၅၅၊ ဒေါ်အေးအေးကြည် ၁၄/ပသန(နိုင်)၀၆၃၆၅၆ တို့၏သား မောင်အောင်မျိုးဦး ၁၄/ငဆန(နိုင်) ၀၀၃၁၆၇သည် မိခင်၊ ဖခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဖခင်၏ လုပ်ငန်းများအား ဟန့်တားနှောင့်ယှက်ခြင်း၊ ရမ်းကားခြိမ်းခြောက်ခြင်းများ အကြိမ်ကြိမ်ပြုလုပ်လျက်ရှိသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ထိပါးနှောင့်ယှက်ခြင်းပြုလုပ်ပါက တရားဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်ဦး၊ ဒေါ်အေးအေးကြည်၊ အမှတ်(၂)ရပ်ကွက်၊ ငွေဆောင်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်-၆၂/စီ နေ ဦးဟော့စွမ် + ဒေါ်ကင်စိန်တို့ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်၍အများသိစေရန်ကြေညာခြင်း။

အထက်ပါလိပ်စာတွင်နေထိုင်သော ဖခင် ဦးဟော့စွမ် ၊ မိခင် ဒေါ်ကင်စိန်တို့မှ (၁) ဒေါ်ခင်မူရှိန် (၂) ဒေါ်အေးအေးသန့် (၃) ဒေါ်ယဉ်ယဉ်စွမ် (၄) ဦးဇော်မင်း (ခ) ကိုကိုနိုင် တို့ သားသမီး (၄)ဦးမွေးဖွားခဲ့ပါသည်။အထက်ပါ လိပ်စာတွင် ဖခင် ဦးဟော့စွမ် ၊ မိခင် ဒေါ်ကင်စိန်တို့နှင့်အတူ ဒေါ်ခင်မူရှိန် မိသားစုနှင့် ဒေါ်ယဉ်ယဉ်စွမ်တို့ အတူတကွနေထိုင်ကြပါသည်။

ယခုအခါ ဖခင် ဦးဟော့စွမ် မှာ အသက် (၈၆)နှစ်ခန့်၊ မိခင် ဒေါ်ကင်စိန်မှာ အသက် (၈၀)နှစ်ခန့် ရှိနေပြီဖြစ်ပြီး၊ အသက်အရွယ်ကြီးရင့်လာသဖြင့် ကျန်းမာရေးချို့တဲ့၍ မကြာခဏသတိမေ့လျော့ကာ သတိကောင်းစွာ မရှိသည့်အခြေအနေတွင် မိဘနှစ်ပါးပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်၍ မိသားစုဝင်သားသမီး (၄)ဦးစလုံး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ နာမည်လွှဲပြောင်းခြင်း စသည့် တနည်းနည်းဖြင့်လွှဲပြောင်းခြင်းများအား မပြုလုပ်ရန် မိသားစုဝင်သားသမီးများအားလုံး၏အကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရေးအတွက် အများသိစေရန်ကြေညာအပ်ပါသည်။

(၁) ဒေါ်အေးအေးသန့်
၁၂/ကတတ (နိုင်) ၀၁၈၃၁၃
အမှတ် (၆-၂-A)၊ သံလွင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၉၆၅၀၀၅၀၀

(၂) ဦးဇော်မင်း (ခ) ကိုကိုနိုင်
၁၂/ကတတ (နိုင်) ၀၂၄၈၃၉
အမှတ် (၇/က)၊ မြဝတီလမ်း၊
(၁၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၈၈၇၈၈

## (၃-၇-၂၀၂၅) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ၊ စာမျက်နှာ (၃၀) ပါ ဦးဟော့စွမ်၊ ဒေါ်ကင်စိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဒေါ်ဇာခြည်ဆွေနှင့် အထက်တန်းရှေ့နေ ဦးဟိန်းမင်းဆွေတို့၏ သားအဖြစ်မှစွန့်လွှတ်ခြင်း ကြေညာချက်အပေါ် တုံ့ပြန်ခြင်း

ဖခင် ဦးဟော့စွမ်နှင့် မိခင် ဒေါ်ကင်စိန်တို့၏သားဖြစ်သူ ကျွန်တော် ဦးဇော်မင်း(ခ)ကိုကိုနိုင် (၁၂/ကတတ(နိုင်)၀၂၄၈၃၉)သည် ငယ်စဉ်ကတည်းက မိဘများအား ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်းမရှိသကဲ့သို့ မိဘများ၏ဆိုဆုံးမမှုကိုလည်း အစဉ်ထာဝရ နာခံခဲ့ပါသည်။ မိဘများအား ရန်သူသဖွယ်ဆက်ဆံခြင်း၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲခြင်းဖြစ်စေရန် ပြုလုပ်ခဲ့ခြင်းလည်းမရှိပါ။ မိဘများစိတ်ချမ်းသာရန်အတွက် မိဘ၏စီးပွားရေးလုပ်ငန်းကို ကိုယ်အားဉာဏ်အား ပစ္စည်းအားဖြင့် ကူညီပံ့ပိုးပြီး ဖခင်နှင့်အတူ စီမံလုပ်ကိုင်ခဲ့ပါသည်။

(၂၁-၆-၂၀၂၅) ရက်က ဖခင် ဦးဟော့စွမ်နှင့် မိခင် ဒေါ်ကင်စိန်နှင့် အစ်မဖြစ်သူ ဒေါ်ယဉ်ယဉ်စွမ်တို့ကို အသက်အန္တရာယ်စိုးရိမ်ရလောက်အောင် လက်ရောက်မှုဖြင့် နာကျင်အောင် လုံးဝပြုမူခဲ့ခြင်းမရှိပါ။ ထိုအချိန်က မည်သူကိုမျှ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကြိမ်းမောင်းခြင်းနှင့် ကိုယ်ထိလက်ရောက် နာကျင်အောင် ပြုလုပ်ခဲ့သည်ဆိုသည်မှာလည်း လုံးဝမဟုတ်ကြောင်း ပြန်လည်ကြေညာအပ်ပါသည်။ ထိုအချိန်က မိဘများကို ရှိသေသမှုပြုရန်နှင့် ငွေကြေးအကူအညီ တောင်းခံရန်အတွက် သွားရောက်ခဲ့ခြင်းဖြစ်ပါသည်။

အဆိုပါအကြောင်းများကြောင့် ၃-၇-၂၀၂၅ ရက် မြန်မာ့အလင်းသတင်းစာတွင် ကြေညာသည့် “သားအဖြစ်မှ စွန့်လွှတ်ခြင်းကြေညာချက်” မှာ မိဘနှစ်ပါးအသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့တဲ့၍ သတိကောင်းစွာမရှိသည့် အခြေအနေတွင် ကြော်ငြာသည့်ကြေညာချက်ကို ကျွန်တော် ဦးဇော်မင်း(ခ)ကိုကိုနိုင်မှ လက်မခံကြောင်း ပြန်လည်တုံ့ပြန်ကြေညာအပ်ပါသည်။

သို့ဖြစ်၍ ၃-၇-၂၀၂၅ ရက်က မြန်မာ့အလင်းသတင်းစာပါ “သားအဖြစ်မှစွန့်လွှတ်ခြင်းကြေညာချက်"အား (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးရန်တောင်းဆိုပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ပြန်လည် ရုပ်သိမ်းခြင်းမပြုပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးဇော်မင်း (ခ) ကိုကိုနိုင်**
**(၁၂/ကတတ(နိုင်)၀၂၄၈၃၉)**
**အမှတ် (၇/က)၊ မြဝတီလမ်း၊ (၁၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉-၅၀၈၈၇၈၈**

**ပျောက်ဆုံးကြောင်း**

မသိမ့်ဟန်နီ(ဘ)ဦးကျော်စိုး ၁၂/ဒဂဆ(နိုင်)၀၂၆၇၂၀၏ Passport (NO) ME-162480 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၁၉၃၈၀၇၂

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 83W/17314, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၁၄/ဟသတ(နိုင်)၂၈၁၇၄၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 71W/83228, Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးညီမင်းခန့် ၁၄/ဟသတ(နိုင်) ၄၂၉၀၉၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8961, NISSAN AD VA Y12, SIATION WAGON (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသက်မျိုးကျော် ၁၂/လကန(နိုင်)၁၈၂၄၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ အမှတ်(၁၃) ရပ်ကွက်၊ ကွင်းအမှတ်(၁၆၃-C)၊ စီးပွားဇုန် (လွန်ကန်)၊ ဦးပိုင်အမှတ်(၅၈)၊ ဧရိယာ(၁၀ဒသမ၀၀)ဧကရှိ မြို့မြေကို လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပုသိမ်(မြက်တို) ဓာတ်အားခွဲရုံအမည်ဖြင့် မြေပေးမိန့်ခွင့်ပြုပေးပါရန် လျှောက်ထားလာချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/32861, DAYAND 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၇/ပတတ(နိုင်) ၀၇၇၀၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/38405, Suzuki Smash 112 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၇/ပမန(နိုင်) ၁၅၅၀၁၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး
# သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ သွားဘက်ဆိုင်ရာဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဒီပလိုမာသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | အထွေထွေသွားရောဂါကုဒီပလိုမာ Dip.D.Sc.(General Dental Practice) | (၁)နှစ် |
| (ခ) | သွားမြစ်တုအစားထိုးဆေးကုသမှုပညာဒီပလိုမာ Dip.D.Sc (Dental Implantology) | (၁)နှစ် |

**သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ) M.D.Sc (Oral and Maxillofacial Surgery) | (၂)နှစ် |
| (ခ) | သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ (မေးရိုးနှင့်ခံတွင်းဆေးပညာ) M.D.Sc (Oral Medicine) | (၂)နှစ် |
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ရပ်ဌေးရွာနေ တရားပြိုင်ဦးအောင်မိုးသူ(ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပျဉ်းမနားခရိုင်တရားရုံး**

---

# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ် (၄၅/ မြမာလာရပ်၊ ဦးပိုင်အမှတ် (၁၇၁-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၂၉ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်သန်းသန်းထွေး ၁၃/ကမန(နိုင်)၀၂၅၃၃၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည် ။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ် (၄၅/မြမာလာရပ်)၊ ဦးပိုင်အမှတ်(၁၇၁-က)၊ မြေဧရိယာ ၀ ဒသမ ၁၁၉ ဧကရှိ မြေကွက်အား မြေငှားဂရန်(ကျန်အပိုင်း) လျှောက်ထားနိုင်ရေး ဒေါ်ဥမ္မာဝင်း ၉/ပဥလ(နိုင်)၀၇၂၉၆၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)ရပ်ကွက်၊ ဗိုလ်ဇော်ဂျီလမ်း၊ မြေကွက်အမှတ်(၁၆၇/ခ) ဟုခေါ်တွင်သော မြေအလျားxအနံ(၂၀x၆၀)ပေရှိမြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းဝင်း (CF-102229) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီနီကျော် ၁၄/မမက(နိုင်)၀၉၄၅၈၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းချမ်းအောင် ၇/သနပ(နိုင်)၁၀၈၃၁၉ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

---

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)ရပ်ကွက်၊ ဇေယျာအေးမြ(၂)လမ်းမြေကွက်အမှတ်(၃၈၅)ဟု ခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀')ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ ပဉ္စမထပ်(၆)လွှာ၊ အခန်းအမှတ်(A-6) အကျယ်အဝန်း(၁၈'x၅၄')၊ အခန်းအမှတ် (B-6) အကျယ်အဝန်း(၁၈'x၅၄')ပေရှိ နှစ်ခန်းတွဲတိုက်ခန်းအား မြေရှင်ဖြစ်သူ ဒေါ်မိုးမြတ်မြတ်သင်း ၁၂/မရက(နိုင်)၁၁၂၉၂၂ နှင့် ကန်ထရိုက်တာတို့မှ အခန်းပေးအခန်းယူစာချုပ်အရ မြေရှင်ဖြစ်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှိုင်ပြည့်ထွန်း ၉/တသန(နိုင်)၁၆၁၃၂၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်တွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊(၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

---

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/42239 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြိုင် ၁၄/ဟသတ(နိုင်)၃၁၆၈၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

---

# ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/အကွက်အမှတ် (၁/ကျောင်းအရှေ့ရပ်)၊ ဦးပိုင်အမှတ် (၆၈-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၃၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်စန္ဒာအေး ၉/ပဥလ(နိုင်)၀၁၇၂၃၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

---

# တစ်ဦးတည်းဖြစ်ကြောင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အိမ်အမှတ်(၂)နေ ကျွန်မ ဒေါ်ခေါန်ဂျာ ၁/ဝမန(နိုင်)၀၆၁၆၄၀ ၏ ဖခင်ဖြစ်သူအမည်မှာ ဦးအင်ခွန်ယော် နှင့် ဦးအင်ခွမ်ယော် ဟူ၍အမည်(၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာဖြစ်ပါကြောင်း။

---

# မွေးသက္ကရာဇ်အမှန်

(ဘ)ဦးအောင်ကျော်၏သား တာချီလိတ်မြို့၊ မကာဟိုခမ်း(အထက)ကျောင်း၊ Grade-7(D) မှ မောင်လင်းထက်ပိုင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၄-၉-၂၀၁၁) ဖြစ်ပါကြောင်း။

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9M/8317, Daihatsu Hijet S211P, P/U (4x4) R ၊ ယာဉ်အမည်ပေါက်သူ နန်းဖောင်းကျော က ၁၃/ကတန(နိုင်)၁၃၄၀၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

---

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 66W/38266 Honda Wave α110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သော်တာဦး ၈/တတက(နိုင်)၁၂၆၇၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မကွေး)**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ပျောက်ဆုံးကြောင်း**

(ဘ)ဦးနန်ငင်း၏သမီး ကျွန်မ မအီအွမ် ၁၃/မထထ(နိုင်)၀၀၀၁၈၇ ၏ နိုင်ငံကူး လက်မှတ်အမှတ် (ME-601758)သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၁၉၅၁၃၆၂**

## ဦးစိုင်းလုံ သိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၊ ၂၃/လွန်းကျိုင်းကွင်း (ဦးထွန်းနေဦးအိမ်ရာ)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ အဆောက်အအုံမြေသည် ဦးစိုင်းဖြတ်ခွမ်း(ဘ) ဦးစိုင်းဖေသိန်း ၁၃/ဆဆန(နိုင်)၀၅၀၁၈၀ မှ ဦးစိုင်းလုံ(ဘ)ဦးစိုင်းဝါယုံ ၁၃/ကတန(နိုင်) ၀၀၃၂၃၈ထံမှ၇-၂-၂၀၁၆ရက်တွင်"နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် ကတိစာချုပ်"ကို နှစ်ဦးသဘောတူချုပ်ဆိုခဲ့ပြီး လက်ရောက်ရရှိခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ပြုလုပ်ပြီး မြေငှား ဂရန်လျှောက်ထားတော့မည်ဖြစ်ပါ၍စာရွက်စာတမ်းများလက်မှတ်ရေးထိုးရန် လိုအပ်သဖြင့် ဦးစိုင်းလုံအနေဖြင့် (၇)ရက်အတွင်း လာရောက်ဆက်သွယ် ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်စောနန္ဒာထွန်း(LL.B ) ဒေါ်ဝေမာမြင့် (LL.B) ဒေါ်သူဇာကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၃၈၂/၂၁-၁၁-၂၀၁၃) (စဉ်-၁၁၈၇၀/၁၇-၁-၂၀၁၇)(စဉ်-၁၉၂၁၉)(၁၁-၄-၂၀၂၄)**
**(၉/၂၈၇)၊ ရ/၁၅၈၊ လွယ်တော်ခမ်း**
**ရတနာလမ်းသွယ်(၁၄)လမ်း၊ အနောက်မြို့ပတ်လမ်း ကျေးရွာအုပ်စု**
**ဝမ်ကောင်းရပ်ကွက်၊ ရတနာသီရိရပ်ကွက်၊ တာချီလိတ်မြို့**
**တာချီလိတ်မြို့ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၂၉၂၇၆၆၉၀**
**ဖုန်း-၀၉-၄၂၈၂၁၅၂၆၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၇)ရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၇)၊ မြေကွက်အမှတ် (၁၄၁၄)၊ (၄၀ပေ x ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ခင်သန်းနွဲ့(AA-၀၅၃၀၀၃) အမည်ဖြင့်မှတ်သားတည်ရှိသော ပါမစ်မြေကွက်ကို အရောင်းအဝယ်အရပ်ကတိ ဆက်စပ်စာချုပ်ဖြင့် ဦးဝင်းမြင့် ၁၀/မလမ(နိုင်)၁၁၁၁၄၇ က ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက် အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိုဥပဒေနှင့် အညီဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာနွယ် ဒေါ်နန်းစုမြတ်စိုးထွဋ်**
**(LL.B,D.B.L) (LL.B)**
**(စဉ်-၁၄၂၆၂) (စဉ်-၁၇၅၉၀)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၄၈၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၄၅၇၅၆၈၂၁၊ ၀၉-၄၃၁၆၇၂၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဇေယျာသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/ပုပ္ပါးကုန်းရပ်၊ ပုပ္ပါးကုန်းရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၈၂ဧကရှိ မြေကွက်အမှတ် (ယ-၃၃၉)ကို နှစ်(၃၀) မြေငှားစာချုပ်ချထားပေးနိုင်ပါရန် မြေကွက်နေရာချထား ပေးကြောင်း အကြောင်းကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ မြေပြင်မှတ်တမ်းဓါတ်ပုံများတင်ပြပြီး အမည်ပေါက် ဦးစောအောင်(ဘ)ဦးပြား ၉/ပဘန(နိုင်)၀၁၁၄၂၆ မှ လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်(၃၀) မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောက်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၅/သာဇီအနောက်၊ ဦးပိုင်အမှတ်(၃၄ စ)၊ ဧရိယာ ၀ ဒသမ ၀၅၈ ဧကရှိ ဦးတင့်ဆွေ(ဇနီး)ဒေါ်ကျင် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ကြည်ညွှန့် ၉/ပမန(နိုင်)၀၁၈၂၁၄ မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၉/၁၉၇၇)၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၁၀၄/၂၀၂၅)၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တရားဝင်ခင်ပွန်း(ယောကျ်ား)အဖြစ်မှ လုံးဝ (လုံးဝ)မသက်ဆိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြစိန် (ဘ)ဦးစိန်ဟန် ၁၂/ဥကမ(နိုင်)၁၉၁၅၂၀ ၏ ခင်ပွန်းဖြစ်သူ ဦးစိန်မင်း (ဘ) ဦးထွန်းခိုင် ၈/မဘန(နိုင်)၁၅၆၃၆၅ သည် မိမိသဘောဆန္ဒအရ ၁၃-၆-၂၀၂၄ ရက်မှစ၍ နေအိမ်မှထွက်ခွာသွားခဲ့ပါသည်။

သို့ပါ၍ ဒေါ်မြမြစိန်နှင့် ဦးစိန်မင်းတို့နှစ်ဦးသည် ယခုအခါ အကြင် လင်မယားအဖြစ် လုံးဝမသက်ဆိုင်တော့ပါ။ ၎င်းအား ခင်ပွန်းအဖြစ် လုံးဝ(လုံးဝ) မသက်ဆိုင်ပါသဖြင့် နောက်နောင် ဒေါ်မြမြစိန်၏ကိုယ်ရေး ကိစ္စအဝဝကို လာရောက်နှောင့်ယှက်ပိုင်ခွင့်မရှိတော့ပါ။ လာရောက်နှောင့်ယှက် ပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကာယကံရှင် ဒေါ်မြမြစိန် ၏ လွှဲအပ်တာဝန်ပေးချက်အရ-**
**ဒေါ်အေးသန္တာ**
**အထက်တန်းရှေ့နေ (စဉ် - ၃၉၂၆၃)**
**ဖုန်း - ၀၉-၂၅၈၀၀၉၄၆၅၄**

## လေလံလျှော်ကွာခေါ်ယူခြင်း

ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းမြို့၊ ဗိုလ်အောင်ကျော် ဈေးရှေ့ရှိ မြို့နယ်သမဝါယမအသင်းစုပိုင် မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အသင်းစုပိုင် ရိတ်သိမ်းစက် (DC-70G plus)အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချ မည်ဖြစ်ပါသည်။

**လေလံလျှော်ကွာရောင်းချမည့်ရက်** - (၁၄-၇-၂၀၂၅)ရက်မှ(၂၀-၇-၂၀၂၅) ရက်ထိ
**လေလံလျှော်ကွာပိတ်သိမ်းမည့်ရက်** - (၂၀- ၇-၂၀၂၅)ရက် ညနေ (၄:၀၀)နာရီ
**လေလံလျှော်ကွာဖွင့်ဖောက်မည့်ရက်** - (၂၁-၇-၂၀၂၅)ရက် နံနက် (၁၀:၀၀) နာရီ
**လေလံပစ္စည်းရောင်းချမည့်နေရာ** - မြို့ နယ်သမဝါယမအသင်းစုရုံး၊ ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင် ပါသည်။

ဖုန်း-၀၉-၆၉၉၉၆၇၈၈၅၊ ၀၉-၇၉၁၂၄၄၂၂၀

**လေလံထုခွဲရောင်းချရေးအဖွဲ့**
**ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ ပင်စင်လမ်း၊ ဦးပိုင် အမှတ်(၁/၁၄၆)၊ အကွက်အမှတ်(၃၃- အောင်ချမ်းသာ(က))၊ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိ ဦးခင်မောင်ဌေး ၅/မရန(နိုင်)၁၄၀၄၅၈ အမည်ပေါက် နှစ်(၃၀) ဂရန်ဝင်းမြေနှင့် ယင်းဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် လက်ရောက်ဝယ်ယူမည်ဖြစ်ရာ ယင်းဝင်းမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါကခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက် နိုင်သည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်ကြေညာအပ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုမိုဇော်(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၃၁၄၀/၂၀)**
**ရုံးကြီးရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉-၈၉၇၂၁၂၇၁၉**

## အများသိစေရန်ကြေညာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)၊ ရွှေတိဂုံပုံတူရှေ့၊ တိုက်ခန်းတွဲ အသစ်၊ အခန်းအမှတ်(D-6) နေ Shwe Poe Beauty & Nail ဆိုင်ပိုင်ရှင် ဒေါ်ပိုပိုအောင် ၃/မဝတ(နိုင်)၁၁၃၇၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများ သိစေရန် ကြေညာအပ်သည်မှာ -

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Shwe Poe Beauty & Nail ဆိုင်ပိုင်ရှင် ဒေါ်ပိုပိုအောင်မှာ ကောင်းမွန်သောဂုဏ်သတင်းဖြင့် ကျော်ကြားခဲ့သူဖြစ်ပါသည်။ ဆိုင်ကိုလာသော Customer များကိုလည်း ပျူပျူငှာငှာဆက်ဆံသလို အကောင်းဆုံး ဝန်ဆောင်မှုကိုပေးသော ဆိုင်ဖြစ်ပါသည်။ ထို့အတူ ဝန်ထမ်းတွေအပေါ်တွင်လည်း မိသားစုသဖွယ် ဆက်ဆံပေးသည့် ဆိုင်ပိုင်ရှင်တစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ Shwe Poe Beauty & Nail ဆိုင်နှင့် ပိုင်ရှင်အား လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် Shwe Poe ဆိုင်ကိုလည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ပိုပိုအောင်၏ ဓာတ်ပုံများကိုလည်းကောင်း အသုံးပြုပြီး ဂုဏ်သိက္ခာကျဆင်းစေရန်၊ ထိခိုက်နစ်နာစေရန်၊ လုပ်ငန်းကိစ္စများ ထိခိုက်စေရန်၊ ဆိုင်နာမည်ပျက်စေရန်ရည်ရွယ်၍ မဟုတ်မမှန်သတင်းများ လုပ်ကြံဖန်တီး ရေးသားထားခြင်း၊ ပုံများတင်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်၍ မဟုတ်မမှန်စာသားများ ဖြန့်ဝေခြင်း၊ လိုက်လံပေးပို့ခြင်းများရှိကြောင်း ကျွန်ုပ် မိတ်ဆွေမှတစ်ဆင့် ကြားသိရပါသည်။ ထိုသို့ မဟုတ်မမှန် လုပ်ကြံဆောင်ရွက် နေသူများအားမပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ပြုလုပ်ထားပါက ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်း/ဖျက်သိမ်းပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေနှင့် အညီ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ပြာစမ်း(LL.B) (တရားလွှတ်တော်ရှေ့နေ) (စဉ် - ၁၆၃၆၃)**
**အမှတ်-၅၅၊ အခန်း (၁၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၄၂၁၃၄၊ ၀၉-၇၉၇၇၇၄၂၄၈**

## လက်ရှိတရားဝင်ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ စီ (အက်စ် - ၄၉)၊ မြေကွက်အမှတ် - ၂၂၀၊ အိမ်အမှတ် (၄၅) ဓမ္မဝိဟာရလမ်း ဟု ခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော (၆) ထပ်တိုက်အဆောက် အအုံ၏ အကျယ်အဝန်း(၂၃x၅၄)ပေ အကျယ်အဝန်းရှိ အပေါ်ဆုံးထပ် (၆) လွှာ တိုက်ခန်းအား ဒေါ်ခင်မြတ်နိုး ၁၂/သကတ(နိုင်)၂၀၇၆၉၇ မှ တရားဝင်လက်ရှိ ပိုင်ဆိုင်သူဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိကြောင်း ဝန်ခံကတိပြုပြောဆိုပြီး ရောင်းချရန် ကမ်းလှမ်းခဲ့သောကြောင့် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်မြတ်နိုးထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ကိုကိုဇင် ၁၀/ဘလန(နိုင်)၁၂၂၆၆၉ က ၇-၇-၂၀၂၅ ရက်တွင် နှစ်ဦးသဘောတူ တိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပြီး အရောင်းတန်ဖိုးငွေများအား အပြီးအပြတ်ပေးချေကာ တိုက်ခန်းနှင့်တကွ စာချုပ်စာတမ်းမူရင်းများအား လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ လက်ရှိတရားဝင်ပိုင်ဆိုင်သူမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုဇင် သာလျှင် ဖြစ်ပြီး ၎င်းဝယ်ယူပိုင်ဆိုင်ထားသော အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ မည်သူ တစ်ဦးတစ်ယောက်ကမျှ ပိုင်ရေးပိုင်ခွင့်နှင့် သက်ဆိုင်သည့် အရေးဆိုပိုင်ခွင့်၊ ကျူးကျော်ပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့်မရှိကြောင်း၊ အကယ်၍ တစ်စုံတစ်ရာ ကန့်ကွက်အဆိုပြုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်မာသော စာရွက်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် လက်ရှိတိုက်ခန်း တရားဝင်ပိုင်ဆိုင်သူမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကိုကိုဇင်သာဖြစ်ကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်ဝင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၂၇၅)**
**အင်းစိန်ရှေ့နေအသင်း၊ အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၃၅၉၂၄**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိခင် ၁၂/ရကန(နိုင်)၀၆၈၆၄၉ သည် ဒေါ်ခင်ခင်ဆွေ ၁၂/ကမရ(နိုင်)၀၄၃၀၀၉ ထံမှ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ စီဝါယာလမ်း၊ တိုက်အမှတ် (၁/၃) (၅)လွှာ၊ ဘယ်ဘက်အခန်း၊ အကျယ်အဝန်း အလျား(၁၅ ပေ x အနံ ၃၅ပေ) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်း မရှိပါကအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်အိအိခင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင် ဒေါ်သဲအိစံ**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၇၃၃၆) အထက်တန်းရှေ့နေ(စဉ်-၅၅၆၇၇)**
**တိုက်အမှတ်(၁၂၇)၊ အခန်းအမှတ်(၆)၊ ရန်နိုင်လမ်းသွယ်(၅)၊ (၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ရန်ကုန်မြို့၊ ဗဟန်း-ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်နှင့် စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ်ညောင်တုန်း ကျောင်းတိုက်၌ ပုရိမဝါဆိုဝါကပ်တော်မူကြမည့် စာချစာသင်သံဃာတော်များနှင့် ပဉ္စင်းသံဃာတော်အရှင်မြတ် အပါး (၂၅၀)ကျော်တို့အား ပရိယတ္တိသာသနာ့ပါလ အသင်းကြီးမှ ကြီးမှူးကာ "(၄၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲနှင့် (၂၀၂၅)ခုနှစ် အစိုးရ - စာအောင်သံဃာ ဂုဏ်ပြုပွဲ" ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညို ကုသိုလ်ယူနိုင်ရန် လေးမြတ်စွာ ဖိတ်ကြား အပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်**

နေ့ရက် - ၁၃၈၇- ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁) ရက်၊ (၂၀-၇-၂၀၂၅) တနင်္ဂနွေနေ့

အချိန် - နံနက် (၉:၀၀) နာရီ

နေရာ - အဘိဓဇဆွမ်းစားကျောင်းတော်ကြီး ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ရေတာရှည်လမ်းဟောင်း၊ ဗဟန်း - ရန်ကုန်။

ဖုန်း - ၀၉-၄၂၀၁၉၂၅၅၅၊ ၀၉-၂၆၁၃၃၂၂၁၀

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနာ့ပါလအသင်း**
**ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်**
**ဗဟန်း - ရန်ကုန်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉) ဇေယျာမြိုင်လမ်း၊ မြေကွက်အမှတ် (၇၅၉/က)၊ အကျယ်အဝန်း (၂၀ပေ × ၆၀ပေ)ရှိ ဦးတင်ဝင်း (J/RGN - ၀၂၂၂၆၀) အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြသော (၁) ဦးကျော်ဦး (၁၂/သကတ (နိုင်) ၀၅၉၅၉၇)၊ (၂) ဦးသက်ဦး (၁၂/သကတ (နိုင်) ၀၈၄၀၁၉)၊ (၃) ဦးဇော်ဦး (၁၂/သကတ (နိုင်) ၀၄၂၆၇၀)၊ (၄) ဒေါ်မော်မော်ဦး (၁၂/သကတ (နိုင်) ၀၄၃၁၄၃)နှင့် (၅) ဒေါ်မိုမိုးကြည် (၁၂/သကတ (နိုင်) ၁၃၀၆၉၀)တို့ (၅)ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမူ**
**LL.B, D.B.L., M.A. (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၉)**
**၀၉ ၄၃၁၁ ၅၁၀၅**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်၊ ပေါင်းလောင်း(၃)၊ ၁၈လမ်းနေ (ဘ) ဦးဇော်မြင့် ၉/မရတ(နိုင်)၁၀၈၂၀၆- (မိ)ဒေါ်ခင်ပပကျော် ၉/ပမန(နိုင်)၁၄၄၇၁၆ တို့၏သား မောင်သင့်မြတ်ဇော်၏ မွေးသက္ကရာဇ် အမှန်မှာ ၂၂-၆-၂၀၀၈ ဖြစ်ပါ ကြောင်း။

## အမည်ပြောင်း

ဦးသန့်ဇင်ဦး ၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ STI ကိုယ်ပိုင်မူလတန်းကျောင်း Grade-2(အောင်)မှ မယွန်းဝတီမောင် အား မယွန်းရွှေပုံဟု ပြောင်းလဲ ခေါ်ပါရန်။

**မယွန်းရွှေပုံ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၁၇၂၆၇ Jincheng 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ကျော် ၉/ပမန(နိုင်) ၁၈၆၁၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ကြို့သုံးပင်ရပ်ကွက်၊ ကွင်း/ အကွက်အမှတ် ၈၄၇-ဃ/၁၊ ဆီးယင်းတောင်၊ ဦးပိုင်အမှတ်(၃၆၁)၊ မြေဧရိယာ ၀ ဒသမ ၀၄၅ကေအား ဦးထန်ဒို့ပေါင် ၄/တတန(နိုင်) ၀၂၅၀၁၀ က မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးထန်ဒို့ပေါင် ၄/တတန(နိုင်)၀၂၅၀၁၀**

## ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄၄)၊ စိုက်ပျိုးရေးရပ်၊ ဦးပိုင်အမှတ်(၇၉)၊ မြေဧရိယာ ၀ ဒသမ ၀၄၉ ကေအား ဦးဟောက်ခန်လျန်း ၅/တမန (နိုင်)၀၁၇၈၈၁က မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်း မူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဦးဟောက်ခန်လျန်း ၅/တမန(နိုင်)၀၁၇၈၈၁**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၃) ရပ်ကွက်၊ အောင်မင်္ဂလာရပ်၊ မဟာစည်ရိပ်သာလမ်း အမှတ်(၈၁၇)နေ ဒေါ်ပိုးဇာဖြူ ၈/ပခက(နိုင်)၁၇၄၃၆၁မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ညောင်ဦးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်(၁၄၄၁)၊ အကွက် အမှတ်- ညောင်ဦး E၊ ဦးပိုင်အမှတ်-၁၆၊ ဝိုင်းမြေကွက်နှင့်ပတ်သက်၍ ညောင်ဦး ခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်(၂၉/၂၀၂၄) သည် ၂၂-၄-၂၀၂၅ရက်တွင် အမှုပိတ်သိမ်း ပြီးပြတ်ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ နေအိမ် ဝိုင်းမြေနှင့်ပတ်သက်၍ အရှုပ်အရှင်းကင်းရှင်းပြီး ဒေါ်ပိုးဇာဖြူမှ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမရှိပါ။ အကယ်၍ ဒေါ်ပိုးဇာဖြူ၏ သဘောတူညီခွင့်ပြုချက် မရရှိဘဲ ရောင်းချခြင်းပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဝယ်ယူသူမှ နစ်နာဆုံးရှုံးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပိုင်ပိုင်နှင်းအေး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၆၈)**
**အမှတ်( ဒီ-၂၅)၊ သစ္စာလမ်း၊ ကန်သာရပ်၊ မကွေးမြို့**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ရွှေညဝါဆရာတော် ဘဒ္ဒန္တပညာသီဟ
### သက်တော်(၆၁)နှစ်၊ သိက္ခာတော်(၄၀)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဘုရားလမ်း၊ "ရွှေညဝါတောရ သာသနာပြုကျောင်းတိုက်"၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဘဒ္ဒန္တ ပညာသီဟ(ရွှေညဝါ-ဆရာတော်)သက်တော် (၆၁)နှစ်၊ သိက္ခာတော်(၄၀)ဝါ သည် (၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁)ရက်) (၁၀-၇-၂၀၂၅)ရက် (ကြာသပတေးနေ့) နံနက် ၂:၄၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူ သွားပါကြောင်း တပည့်၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

"ရွှေညဝါတောရ သာသနာပြုကျောင်းတိုက်"
မှော်ဘီမြို့

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်သိန်းမြင့် (ကျောင်းအုပ်ကြီး-ငြိမ်း)
### အသက် (၉၀) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈) ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၁၁၃၄)နေ ဒေါ်သီလွင်မြင့် (လက်ထောက်အတွင်းဝန်၊ နယ်စပ်ရေးရာဝန်ကြီးဌာန)၏ ဖခင် ဦးကျော်သိန်းမြင့်(ကျောင်းအုပ်ကြီး-ငြိမ်း)၊ အသက်(၉၀)နှစ်သည် ၁-၇-၂၀၂၅ရက် (အင်္ဂါနေ့)၊ နံနက် ၀၈:၀၀ နာရီတွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန

## ဒေါ်တင်လှိုင်
### ထားဝယ်မြို့
### အသက်(၉၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဇဟာရွာနေ (ဦးစိန်အောင်-ဒေါ်မြကြည်)တို့၏သမီး၊ ထားဝယ်မြို့၊ ကရပ်ပြင်တောင်ရပ်နေ ဦးကျော်ဝင်း-ဒေါ်လှပို(ကျော်စာရေးကိရိယာ)တို့၏အစ်မကြီး၊ ဇဟာရွာနေ ဦးလင်းထင်-ဒေါ်သီသီဆွေ တို့၏ မွေးသမိခင်၊ တူ/တူမ (၂၄)ယောက်တို့၏ အဒေါ်၊ မြေး (၂၁)ယောက်တို့၏ အဘွား၊ မြစ် ၁၇ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၇-၂၀၂၅ ရက် (ကြာသပတေးနေ့) နံနက် (၆:၄၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၅ရက် (စနေနေ့) မွန်းလွဲ (၁၂:၃၀)နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/9957 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မြိတ်)

## ဦးသန်းစိန်
### မြိတ်မြို့
### အသက် (၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ တတိုင်းမွေးလမ်း၊ အမှတ် (၇၅/၂)နေ (ဦးသစ်-ဒေါ်ယုံး)တို့၏သား၊ ဒေါ်လှကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဇော်ဦး-ဒေါ်ဥမ္မာကို၊ ဦးသန်းလင်းဦး-ဒေါ်သက်နီမြင့်၊ ဦးဝင်းထွန်းနိုင်-ဒေါ်သိမ့်သိမ့်ဦး၊ ဦးအောင်ဇော်ဦး-ဒေါ်ဖြူဖြူဟန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၅)ယောက်တို့၏ အဘိုးဖြစ်သူ ဦးသန်းစိန်သည် ၉-၇-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ (၅:၁၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါ၍ ၁၁-၇-၂၀၂၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၂၅ရက် (အင်္ဂါနေ့)နံနက် ၇ နာရီမှ ၁၁ နာရီထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ညွန့်သောင်း
### စာရေးဆရာ မောင်သာချို၊ ဂျက် ကွမ်းခြံကုန်း
### ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
### မြန်မာစာဌာန၊ တောင်ကုတ်တက္ကသိုလ်
### အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ (ဦးဝင်းသိန်း-ဒေါ်တင်) တို့၏သား၊ ဒေါ်ခင်သက်ဆွေ ၏ခင်ပွန်း၊ ဒေါက်တာ မေတာရာဖူး၊ မောင်ခွန်တေဇ တို့၏ ဖခင်သည် ၁၀-၇-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၇:၅၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၅ရက် (စနေနေ့) တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။( ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ဥက္ကာ (၈) လမ်း၊ အမှတ်(၂၂၇)နေအိမ်မှကားများ မွန်းလွဲ ၂နာရီနှင့် ဗိုလ်ချုပ်လမ်း၊ ဝဇီရာ ရပ်ရှင်ရုံ ရှေ့မှကားများ မွန်းလွဲ ၁:၃၀ နာရီတို့တွင် ထွက်ခွာပါမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ဦးသိန်းထွန်း
### အသက် (၇၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်-၄၉၊ ဆီဆုံလမ်းနေ (ဦးမောင် ထွန်း-ဒေါ်ကျင်အေး) တို့၏သား၊ (ဦးမောင်တင်-ဒေါ်ရွှေတင်) တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည် ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းနွယ်)-ဒေါ်မြင့်သန်း တို့၏ မောင်၊ ဒေါ်ကေခိုင်ထွန်း-(ဦးကျော်ဇွာ)၊ ဦးစောခိုင်ထွန်း-ဒေါ်ဖြူနှင်းအိတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ပါမောက္ခ ဒေါက်တာ သန္တာဝင်းနွယ်၊ ဒေါ်စန္ဒာဝင်း နွယ်-ဦးဇော်ဝင်း၊ ဦးဝင်းထက်-ဒေါ်ဝင်းဝင်းနွယ်တို့၏ဦးလေး၊ မဆုပြည့်ပြည့် ထက်၊ မေဖူးပြည့်စုံ၊ ဖြူစင်ဝင်းထက်၊ ယုယသံစဉ်ထွန်းတို့၏ ချစ်လှစွာသော အဘိုး ဦးသိန်းထွန်း အသက်(၇၄)နှစ်သည် ၉-၇-၂၀၂၅ရက် (ဗုဒ္ဓဟူး နေ့) ည ၁၀:၁၂ နာရီ တွင် (၉၆)ပါးရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၂၅ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေများအား ဝမ်းနည်းစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အေးမိ
### အသက် (၆၉) နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၂၀၅)၊ ၂၈ လမ်း (အပေါ်လမ်း) နေ (ဦးသန်းဝင်း-ဒေါ်ရီစီ)တို့၏ညီမ၊ (ဦးဝင်းကျော်)၏ဇနီး၊ (ဦးဟန်ဇော်)၊ ဦးအောင်မိုး-ဒေါ်ဝင်းဖြူဖြူစိုး၊ ဦးသန်းနိုင်မိုး၊ ဦးအောင်ကျော်မိုး-ဒေါ်သန္တာအောင်၊ ဒေါ်စုစန္ဒီကျော်တို့၏ မွေးသမိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၉-၇-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၂၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ (၉၆) ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၇-၂၀၂၅ ရက်(သောကြာနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိမိတ်ဆွေ၊ ဆွေမျိုးများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ ၁၁-၇-၂၀၂၅ နံနက် ၁၀း၁၀ နာရီတွင်ထွက်ပါမည်။) (ကွယ်လွန်သူအား ရည်စူး၍ ၁၅-၇-၂၀၂၅ရက်တွင် အထက်ပါ နေအိမ်၌ ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးသန်းစိန်(မြိတ်မြို့)
### အသက်(၇၉)နှစ်

သူငယ်ချင်း ဦးသန်းလင်းဦး - ဒေါ်သက်နီမြင့် တို့၏မွေးသဖခင် ကျေးဇူးရှင် ဦးသန်းစိန် အသက်(၇၉)နှစ်သည် ၉-၇-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅:၁၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၂၂)မှ သူငယ်ချင်းများ

## အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမိုဟာမက်ရေဒဝမ်(ခ)ဟာဂျီ ဦးစိုးလွင်ဦး
### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၈၀/၁၈၂)၊ ၁၁လွှာနေ အလ်ဟာဂျ်မောင်လာနာဟာဖိဇ်မိုဟာမက်ဆွာလေ (ခ) ဟာဂျီဦးစိုးသန်း၊ ဟာဂျီမ ဒေါ်နှင်းဆီတို့၏ ချစ်လှစွာသောသားကြီး၊ ဟာဂျီအင်မရန်း(ခ)မောင်စိုးမိုးဦး၏ ချစ်လှစွာသောအစ်ကို၊ မိုဟာမက်အစ်ကွာရန်း(ခ)စိုးအီသန်လွင်၏ ချစ်လှစွာသော ဖခင်၊ ဟာဂျီမ ယာစမီးန်(ခ)မအေးလှချို၏ ချစ်ခင်ပွန်း ဟာဂျီမိုဟာမက်ရေဒဝမ်(ခ)ဟာဂျီဦးစိုးလွင်ဦးသည် ၁၀-၇-၂၀၂၅ရက်တွင် အလ္လာဟ်အသျှင်မြတ် အမိန့်တော် ခံယူသွားပါသဖြင့် ၁၁-၇-၂၀၂၅ရက် (သောကြာနေ့) ဂျုမ္မာနမာဇ်အပြီးတွင် ရေဝေးစွန္နီကဘာရ်စတန်ဥယျာဉ်တော်သို့ပို့ဆောင် ဒါဖွာနာပြုမည်ဖြစ်ပါသောကြောင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား လေးစားစွာ အသိပေးကြေညာအပ်ပါသည်။ ( အမှတ်၄၂၊ ၅၄လမ်း(အောက်လမ်း) မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ တင်းတိပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၇၈၅/၁၅၃၅၊ ဥတ္တမရာဇ်ကံ)၊ မြေကွက်အမှတ် (F-၉၆၁/၉၆၅)၊ မြေဧရိယာ (၀.၂၂၇)ဧကရှိ မြေကွက်အား ဦးအောင်နိုင်ဦးမှ လွှန်ခဲ့သော (၁၀)နှစ်ခန့်က နေထိုင်ပြီး လက်ရှိထားစီမံအကျိုးခံစားနေသည်မှာ မှန်ကန်ကြောင်းကို (၄-၃-၂၀၂၅)ရက်၌ စစ်ကိုင်းခရိုင်တရားရုံးတွင် ကျမ်းကျိန်ဆိုပြီး (၂၀-၃-၂၀၂၅) ရက်တွင် ဦးအောင်နိုင်ဦး(ဘ)ဦးကွိန်(၅/စကန(နိုင်)၁၇၁၃၅၇)မှ ဦးထွန်းထွန်းဝင်း (ဘ)ဦးမောက်(၅/စကန(နိုင်)၁၀၂၄၂၅)သို့မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခဲ့ပြီးစာချုပ်များအား စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံ တင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းထွန်းဝင်း အမည်ဖြင့် ပုဂ္ဂလိက မြေငှားဂရန်အသစ် လျှောက်ထား ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့(ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာ အပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့

## ဒေါ်အေးမြတ်သီတာ(ဝါးခယ်မ)
## သိန်းနက် ပရဆေးဆိုင်
### အသက်(၅၅)နှစ်

ဝါးခယ်မမြို့နေ (ဦးကျော်ရ-ဒေါ်ခင်ခင်) သိန်းနက်ပရဆေးဆိုင် တို့၏ သမီးငယ်၊ ဦးသန်းဆွေ-ဒေါ်လွင်လွင်မော်၊ ဦးကိုကိုမောင်-ဒေါ်အေးမြတ်စန္ဒာ (သိန်းနက်ပရဆေးဆိုင်) တို့၏ညီမ၊ (ဦးဇော်မင်းထွန်း)၏ဇနီး၊ (မောင်ခန့်ဇေ)၊ မခင်ရှင်းသန့် တို့၏မိခင် ဒေါ်အေးမြတ်သီတာ (သိန်းနက် ပရဆေးဆိုင်) သည် ၁၀-၇-၂၀၂၅ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီ ၅၅မိနစ်အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို ၁၂-၇-၂၀၂၅ ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖ.ဆ.ပ.လရပ်ကွက်၊ တိုက်(၁၁)၊ အခန်း(၁၅) နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/ဘီ၊ မြေကွက်အမှတ်-၁၉၀၊ ၁၉၁၊ ၁၉၂၊ ဧရိယာ-၀.၄၅၉ဧက+၀.၄၅၉ဧက+၀.၄၅၉ဧက (စုစုပေါင်း ၁.၃၇၇ဧက)အကျယ်အဝန်းရှိ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲအိမ်ရာ(၂)၊ အမှတ်-၃ လမ်းမကြီး၊ အမှတ်-၁၉၀/၁၉၁/၁၉၂ ဟုခေါ်တွင်သည့် နှစ်(၆၀) မြေငှားဂရန်မြေကွက်(၃)ကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်ထွန်း(၁/မကတ(နိုင်)၀၀၃၂၇၂)ထံမှ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူ၍ အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင် အမှတ်-၂၇၀၃/၂၀၁၄ ကို ရယူထားသော ဒေါ်နန်းဒိုးဟွမ် (၁၃/ကတန(နိုင်)၀၂၀၇၆၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေများအနက်မှတစိတ်တဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေ(၃)ကွက် အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၅၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁-၆၃၅၂၊ ၀၉-၅၅၀-၆၅၅၆။

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၈) ရပ်ကွက်၊ မြေကွက်အမှတ်(၄၃၅)၊ ပါမစ်မြေအမျိုးအစား၊ (၄၀' x ၆၀')အကျယ် မြေကွက်နှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဦးဝင်းကျော်ကျော်ဗိုလ် ၁၂/ဒဂရ(နိုင်) ၀၁၀၉၅၁က ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟုအဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးသော်ဇင် LL.B | ဦးငြိမ်းချမ်းထွေး LL.B |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၁၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၇၄၆) |
| ဖုန်း-၀၉-၄၃၀၆၄၂၈၁ | ဖုန်း-၀၉-၂၆၀၀၂၉၂၇၂ |

တိုက်(၄၆)၊ အခန်း(C-3)၊ မဟာမြိုင်အိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်( မြောက်ပိုင်း)မြို့နယ်

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသူတော် ၏သား ဦးမြင့်သိန်း ၁၄/ဟသတ(နိုင်) ၀၃၄၆၇၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉ ၄၂၂ ၅၅၅ ၂၄၅

## အမည်ပြောင်း

ရပ်စောက်မြို့နယ်၊ တောင်ကွက်သစ်ရပ်ကွက်နေ ဦးထက်ပိုင်စိုး၏သား အထက ဗထူး Grade-5 မှ မောင်ခန့်မင်းသာအား မောင်ခန့်ဇေယံဟု ပြောင်းလဲခေါ်ပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်မ မသဇင်အေး ၇/ပခန (နိုင်)၃၂၇၆၉၇ ၏ နိုင်ငံကူး လက်မှတ် အမှတ်(MD-888204) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၂၅၀၃၀၉၀

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ မင်းဝန်ကျေးရွာအုပ်စု၊ မင်းဝန်ကျေးရွာ (ဘ) ဦးရဲမြင့် ၉/မသန(နိုင်)၁၁၃၇၇၂ ၏သား မြစ်သားမြို့၊ အ.ထ.က(ခွဲ) မင်းဝန် Grade -5 တွင် ပညာသင်ကြားနေသော မောင်မြတ်ဘုန်းရောင်အား မောင်မြတ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မြတ်ဘုန်းခန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/52412, TVS (DAZZ) 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းဦး ၉/သပက(နိုင်) ၁၁၀၀၂၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရောဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့၊ အမှတ်(၉) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၁၁-င/မော်ကျွန်း)၊ ဦးပိုင်အမှတ်(၂က+၂ခ)၊ မြေဧရိယာ(၅ဒသမ ၅၄၀)ဧကရှိမြေအား ဦးကျော်ထွေး(မန်နေဂျာ၊ စက်ရုံမှူး)အမည်ဖြင့် ဆန်စက်လုပ်ငန်းအသုံးပြုရန်အတွက် စက်မှု/စီးပွားမြေငှားဂရန်(အသစ်)၊ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မော်လမြိုင်ကျွန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ကျွန်းမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/45446, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဝင်း ၁၄/ဘကလ(နိုင်)၀၄၄၃၆၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/50629, Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်သန့် ၉/ငဇန(နိုင်) ၁၀၈၆၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/12504, NEW ZHINENG 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးမင်း ၇/သကန(နိုင်)၁၆၁၀၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/85945, New Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လင်း ၉/မဟမ(နိုင်) ၀၇၃၃၈၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3698, TUN Light Truck (T/L), Pick Up(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးလှရွှေ ၉/တသန(နိုင်)၁၈၀၅၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်...

❖ သို့မှသာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်...

❖ အလားတူ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်များကို နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုရန် တောင်းဆို

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ၅၉ ကြိမ်မြောက် အစည်းအဝေးအတွင်း မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာများ၊ အပြန်အလှန်ဆွေးနွေးမှုနှင့် ပကတိမြေပြင်အခြေအနေမှန်များနှင့် လုံးဝကိုက်ညီခြင်းမရှိဘဲ နိုင်ငံရေးအရ လိုရာဆွဲပုံဖော်ထားသည့် ဆုံးဖြတ်ချက်အဆိုတို့ကို မြန်မာအစိုးရ၏ ကိုယ်စားလှယ်ပါဝင်ခြင်းမရှိဘဲ တစ်ဖက်သတ် ဆွေးနွေးအတည်ပြုခဲ့ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၌ မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးအပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆောင်ရွက်နေချိန်တွင် တစ်ဖက်တွင်လည်း တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီလုပ်ငန်းစဉ်ဟုဆိုရာတွင် ရွေးကောက်ပွဲသည် မရှိမဖြစ်လုပ်ငန်းစဉ်တစ်ခုဖြစ်၍ လွတ်လပ်၍ တရားမျှတပွင့်လင်းမြင်သာသော ရွေးကောက်ပွဲကို အလေးထားဆောင်ရွက်ရန် ကတိကဝတ်လည်း ထားရှိပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့များကို နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်ရေးအတွက် ၎င်းတို့အား တရားဥပဒေဘောင်အတွင်းသို့ဝင်ရောက်ရန် ကမ်းလှမ်းထားပြီးဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❖

**ယနေ့ သတင်းအညွှန်း**


**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် မြေဆီလွှာထိန်းသိမ်းရေး သစ်ပင်သစ်တောများ စိုက်ပျိုးပြုစုထိန်းသိမ်းပေး**
ဆောင်းပါး စာ ၁၀





**ပါကစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးမှုကြောင့် လူပေါင်း ၉၀ ထက်မနည်း သေဆုံး၊ ၁၅၇ ဦး ဒဏ်ရာရ**
နိုင်ငံတကာသတင်း စာ ၁၄

**မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ သိန်းကျော် ဖမ်းဆီးရမိ**
မှုခင်းသတင်း စာ ၁၇


## နာမည်ကြီး ရီးရဲမက်ဒရစ်ကို ဂိုးပြတ်အနိုင်ယူကာ ကလပ်ကမ္ဘာ့ဖလား ဗိုလ်လုပွဲ ပီအက်စ်ဂျီ တက်လှမ်း

ဇူလိုင် ၁၀ ရက် နံနက် ၁ နာရီ မိနစ် ၄၀ က ယှဉ်ပြိုင်ကစားခဲ့သည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်မှ ပီအက်စ်ဂျီနှင့် ရီးရဲမက်ဒရစ်အသင်း ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းက တိုက်စစ်ခြေစွမ်းပြကာ လေးဂိုးပြတ်အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့သည်။

ရီးရဲမက်ဒရစ် အသင်းသည် အမ်ဘာပေ၊ ဗင်နီစီးယပ်စ်၊ ဂွန်ဇာလိုဂါစီယာစသည့် အဓိက ကစားသမားအများစုဖြင့် ပွဲထွက်လာသော်လည်း ပြိုင်ဘက်ပီအက်စ်ဂျီအသင်းကို အကောင်းဆုံး

စာမျက်နှာ ၁၅ ကော်လံ ၅ ❇




တိုက်စစ်ကစားသမား ရာမို့စ် ပီအက်စ်ဂျီအသင်းအတွက် စတုတ္ထဂိုး သွင်းယူစဉ်။



သစ္စာအားမာန်နှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

## MNL ယူ-၂၁ လူငယ်လိဂ်တွင် သစ္စာအားမာန်နှင့် ရောဝတီယူနိုက်တက်အသင်း နိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၁၀

MNL ယူ-၂၁ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃) ပထမနေ့ကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ သစ္စာအားမာန်နှင့် ရောဝတီယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့သည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ သစ္စာအားမာန်အသင်းသည် နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ သစ္စာအားမာန်အသင်းအတွက်

စာမျက်နှာ ၁၅ ကော်လံ ၅ ❐